# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၈) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) အရပ်ဘက်ဝန်ထမ်း အငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများ အတွက် အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့် ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိနှင့် တစ်လုံးတည်း ပင်စင်လဲလှယ်ခြင်းများကိုလည်း တိုးမြှင့်ခံစားခွင့် ပြုနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | (ဂ) မြို့ပြစီမံကိန်း၊ ကျေးရွာစီမံကိန်းများ ရေးဆွဲရာတွင် မည်သည့် အချက်များပေါ်တွင် မူတည်၍ ရေးဆွဲပြီး ပြည်သူလူထုသို့ ပွင့်လင်း မြင်သာစွာ ချပြနိုင်ခြင်းရှိ၊မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | (ဃ) မန္တလေး-မူဆယ်လမ်း ယာဉ်ကြောပိတ်ဆို့မှု မရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်၊ မန္တလေး-မူဆယ်လမ်းကို နိုင်ငံတကာအဆင့်မီ လမ်းဖြစ်အောင် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ရာနှုန်းပြည့်ပြီးစီးပါမည်၊ B.O.T စာချုပ်သက်တမ်း မည်မျှ ကျန်ရှိပြီး သက်တမ်းကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို သိလိုခြင်းနဲ့စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | (င) ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့နှစ်မြို့ကို ရှောင်ကွင်းပြီး မြို့ရှောင်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၁၁ | (စ) နိုင်ငံတော်၏ စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်မှုများပြုလုပ်ရာတွင် လိုအပ်ချက်များရှိသည့် ပန်းတောင်းမြို့နယ် အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၂ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက သစ်တောဥပဒေကြမ်းကို တင်သွင်းခြင်း | ၂၉ |
| ၁၃ | သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၃၁ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၃ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## (၃၈)ရက်မြောက်နေ့ အစီအစဉ်

## [ ၃–၈–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **အရပ်ဘက်ဝန်ထမ်း အငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများအတွက် အငြိမ်းစားပင်စင် လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့် ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေး နိုင်ခြင်း ရှိ၊ မရှိနှင့် တစ်လုံးတည်း ပင်စင်လဲလှယ်ခြင်းများကိုလည်း တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ ရိခေါ်ဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **မြို့ပြစီမံကိန်း၊ ကျေးရွာစီမံကိန်းများ ရေးဆွဲရာတွင် မည်သည့်အချက်များပေါ်တွင် မူတည်၍ ရေးဆွဲပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **မန္တလေး– မူဆယ်လမ်း ယာဉ်ကြောပိတ်ဆို့မှု မရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်၊ မန္တလေး– မူဆယ်လမ်းကို နိုင်ငံတကာအဆင့်မီ လမ်းဖြစ်အောင် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် BOT စာချုပ်သက်တမ်းမည်မျှ ကျန်ရှိပြီး သက်တမ်းကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့နှစ်မြို့ကို ရှောင်ကွင်းပြီး မြို့ရှောင်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်၏စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် လိုအပ်ချက်များရှိသည့် ပန်းတောင်းမြို့နယ်အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **"ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက **"သစ်တော ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၈။ **"သစ်တော ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"သစ်တော ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၃၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၁၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၂) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၄) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၆) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၇) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဋ္ဌေး ခွင့် ၁ ရက်၊

(၈) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၉) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၂ ရက်၊

(၁၀) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး ခွင့် ၂ ရက်နှင့်

(၁၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း စီစဉ်စတင်ဆောင်ရွက်ပါမယ်။

**အရပ်ဘက်ဝန်ထမ်းအငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများအတွက် အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိနှင့် တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများကိုလည်း တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်း ကတော့ အရပ်ဘက်ဝန်ထမ်းအငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများအတွက် အငြိမ်းစားပင်စင် လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ၊ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများကိုလည်း တိုးမြှင့် ခံစားခွင့်ပြုနိုင်ခြင်း ရှိ/မရှိတို့ပဲ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်စင်စားတစ်ဦး ဆိုတာ လွယ်လွယ်နဲ့ဖြစ်လာတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ဝေတဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ စာမျက်နှာ ၉၃၊ အခန်း(၂၁) အငြိမ်းစားယူခြင်း ပုဒ်မ ၂၃၂ မှာ အငြိမ်းစားယူသော ဝန်ထမ်းသည် (က) နိုင်ငံတော်၏ ဝန်ထမ်း အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ခြင်းဖြစ်ရမည်။ (ခ) ဖွဲ့စည်းပုံဖြင့် ခွင့်ပြုထားသည့် ရာထူးတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်းဖြစ်ရမည်။ (ဂ) တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိ သည့်လစာကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံခြင်းဖြစ်ရမည်လို့ ဖော်ပြထားပါတယ်။ ပင်စင်မှာဆိုရင်

လည်းပဲ ကျွန်တော်တို့ ပင်စင်ခုနစ်မျိုးရှိပါတယ်။ (၁) သက်ပြည့်ပင်စင်၊ (၂) နှစ်ပြည့်ပင်စင်၊ (၃) နာမကျန်းပင်စင်၊ (၄) လျော်ကြေးပင်စင်၊ (၅) အထူးပင်စင်။ အဲဒီမှာဆိုရင်တော့ ဒဏ်ရာအနာတရ ပင်စင်၊ အထူးမိသားစုပင်စင်၊ ကလေးများပင်စင်ဆိုပြီးတော့ သုံးခုထပ်ခွဲထားပါတယ်။ နောက်(၆)က မိသားစုပင်စင်၊ (၇)လျှော့ပေါ့ပင်စင်ဆိုပြီးရှိပါတယ်။ ပင်စင်အမျိုးအစားလိုက်ပြီး အကျိုးခံစားခွင့်တွေ လည်းကွာခြားပါတယ်။ ပင်စင်လစာတွေဟာ ၁၉၈၈ ခုနှစ်မတိုင်ခင်က အလွန်နည်းခဲ့ပါတယ်။ ကျွန်တော့်မိဘနှစ်ပါးလုံးဟာ ကျောင်းဆရာဆရာမပင်စင်စားတွေဖြစ်ပါတယ်။ တစ်လ ၂၀၀ ကျပ် ကျော်ကျော်ပဲရလို့ ဆိုက်ကားခ၊ မြင်းလှည်းခတောင်မပြည့်လို့ သွားမထုတ်ကြတော့ပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ ၁-၄-၁၉၈၉ ရက်နေ့ကစပြီးတော့ ပင်စင်လစာအပေါ်မှာ ယာယီထပ်ဆောင်းငွေနှင့် အပိုထောက်ပံ့ကြေးတွေပေးပြီး ပင်စင်လစာအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၁-၄-၁၉၉၃ ရက်နေ့မှ စပြီးတော့ထုတ်ယူခဲ့တဲ့ ပင်စင်လစာရဲ့ ၂၅ ရာခိုင်နှုန်း လေးပုံတစ်ပုံတိုးမြှင့်ပေးခဲ့ပါတယ်။ ၁-၁၀-၁၉၉၄ ရက်နေ့မှာ မိသားစုပင်စင်ကို တစ်ဝက်နှုန်းကနေပြီးတော့ လေးပုံသုံးပုံနှုန်းကို တိုးမြှင့်ပေးခဲ့ပါတယ်။ ၁-၄-၂၀၀၀ ရက်နေ့မှာ ထုတ်ယူသောလစာရဲ့နှစ်ဆတိုးမြှင့်ပေးခဲ့ပါတယ်။ ၁-၇-၂၀၁၁ ရက်နေ့မှာ ပင်စင်လစာကို ၁-၁-၂၀၁၀ ရက်နေ့စတင် ခွင့်ပြုသောဝန်ထမ်းလစာနှုန်းဖြင့် ခွင့်ပြုပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အဲဒီမှာဆိုရင် ၁-၇-၂၀၁၁ ရက်နေ့မှာ လစာတိုးပေးတုန်းကတော့ ဝန်ထမ်းရော၊ ပင်စင် လစာတွေပါ တိုးပေးခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ဝန်ထမ်းလစာတိုးပေးတဲ့အခါ မှာတော့ ပင်စင်စားတွေကို ချန်လှပ်ခဲ့ပါတယ်။ ချန်လှပ်ခဲ့တဲ့အတွက် ပင်စင်စားကြီးများ ရရှိတဲ့လစာဟာ အလွန်နည်းပါးခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တကယ်တော့ ပင်စင် စားကြီးများဟာ အလုပ်လုပ်နိုင်ခြေမှာ နိုင်ငံတော်အတွက် ပေးဆပ်ခဲ့ကြသူများဖြစ်ပါတယ်။ များသော အားဖြင့် အသက်အရွယ်ကြီးရင့်အိုမင်းပြီဖြစ်လို့ ဝင်ငွေရတဲ့အလုပ်ကိုလည်း မလုပ်နိုင်တော့တဲ့အတွက် စားဝတ်နေရေးအခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူ အသက် ၉၀ ကျော်များ ကို ထောက်ပံ့ပေးနေတဲ့ နိုင်ငံတော်ရဲ့စေတနာကိုလည်း အသက်ကြီးရွယ်အိုများက သာဓုခေါ်ကြပါ တယ်။ အခုအလုပ်လုပ်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက်ပဲ စဉ်းစားမယ်။ ပင်စင်စားတွေအတွက်တော့ မစဉ်းစားနိုင်ဘူးဆိုတာ မသင့်ပါဘူး။ အခုဝန်ထမ်းဖြစ်နေသူတွေဟာလည်း နောက်တစ်ကြိမ်မှာ ပင်စင်စားတွေ မလွဲမသွေဖြစ်ကြမှာပါ။ ပင်စင်စားတွေကို ချန်မထားခြင်းအားဖြင့် အခုတာဝန် ထမ်းဆောင်နေသူတို့ရဲ့စိတ်မှာလည်း နိုင်ငံတော်က တို့ပင်စင်ယူတဲ့အခါမှာလည်း တို့ကိုချန်မထားဘူး

လို့ နောင်အရေးစိတ်အေးရတဲ့အတွက် ပိုမိုအလုပ်ကြိုးစားကြမှာပါ။ ပင်စင်စားဝန်ထမ်းများအတွက် အိမ်ရာများတည်ဆောက်ပေးမှုကိုလည်း ကြိုဆိုပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာအခက်အခဲကိုလည်း သိရှိပါတယ်။ ဒါပေမဲ့လည်း အရပ်ဘက်နှင့်တပ်မတော်အငြိမ်းစားများအတွက် လွှတ်တော်ကြီးမှ ဆောင်ရွက်ပေးနေကြောင်းနှင့် နိုင်ငံတော်အစိုးရကလည်း အခုတိုးမြှင့်ပေးနိုင်ရင်တော့ ကောင်းပါတယ်။ တကယ်လို့ တိုးမြှင့်မပေးနိုင်ခဲ့ရင်တောင်မှ ထိုက်သင့်တဲ့အချိန်မှာ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ အရပ်ဘက်ဝန်ထမ်းအငြိမ်းစားနှင့် တပ်မတော်အငြိမ်းစားများအတွက် အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှာ နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့တဲ့ ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့် တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများကိုလည်း တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်းများ၏စာနှုန်းထားများ တိုးမြှင့်ခဲ့စဉ်က ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၅၉/၂၀၁၅)ဖြင့်ပင်စင်ခံစားနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ(တပ်မတော်အငြိမ်းစားများအပါအဝင်)အား လက်ရှိပင်စင်လစာအပြင် ထပ်မံတိုးမြှင့်သတ်မှတ်သည့် လစာကျပ် ၄၅၀၀၀ အပေါ်မှာ တည်ဆဲပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်ပြီး တိုးမြှင့်ပင်စင်လစာအဖြစ် ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ ခံစားခွင့်ပြုခဲ့ပါတယ်။

သို့ဖြစ်ရာ အထက်ပါအမိန့်ကြော်ငြစာထုတ်ပြန်ပြီးနောက်ပိုင်း တာဝန်ထမ်းဆောင်ဆဲ အရပ်ဘက်ဝန်ထမ်းနှင့် တပ်မတော်သားများအငြိမ်းစားယူပါက အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့တဲ့ ဝန်ထမ်းလစာနှုန်းထားများဖြင့်လည်းကောင်း၊ ထို

အချိန်မတိုင်ခင်က ပင်စင်ခံစားနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ(တပ်မတော်အငြိမ်းစားများအပါအဝင်)အား ၎င်းတို့ခံစားနေသည့် ပင်စင်လစာအပြင် ထပ်မံတိုးမြှင့်သတ်မှတ်သည့် လစာကျပ် ၄၅၀၀၀ အပေါ်တွင်လည်းကောင်း တည်ဆဲပင်စင်နည်းဥပဒေများနှင့်အညီ ခံစားခွင့်ပြုခဲ့ပါတယ်။ ယင်းသို့ တိုးမြှင့်ခံစားခွင့်ပြုခဲ့တဲ့အတွက် နိုင်ငံတော်အနေဖြင့် လစာစရိတ်များအပေါ်မှာ ကျပ် ၇၄၅.၇၄၇ ဘီလီယံခန့်၊ ပင်စင်နှင့်ဆုကြေးများအပေါ်မှာ ကျပ် ၁၇၀ ဘီလီယံခန့်တိုးမြှင့်ကျခံသုံးစွဲခဲ့ရပါတယ်။ လစာတိုးမြှင့်တဲ့နှုန်းအတိုင်း ပင်စင်ကိုတိုးမြှင့်ပေးပါက ကျပ် ၂၃၁ ဘီလီယံခန့်တိုးမြှင့်သုံးစွဲရမည်ဖြစ်ကြောင်း ထိုစဉ်ကနိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ လစာတိုးမြှင့်တဲ့နှုန်းအတိုင်း ပေးနိုင်ခြင်းမရှိခဲ့ပါ။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၂ နည်းဥပဒေခွဲ(ဇ)မှာ ဝန်ထမ်းတစ်ဦးရဲ့ ပင်စင်အကျိုးခံစားခွင့်ကို ယင်းဝန်ထမ်းပင်စင်ယူသည့်အချိန်၌ တည်ဆဲနည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်အနေဖြင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများရဲ့ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက်မြှင့်တင်ပေးရန်ရည်ရွယ်ပြီး လစာနှုန်းထားများကို အခါအားလျော်စွာ တိုးမြှင့်သတ်မှတ်ပေးနိုင်ရေးအတွက် မျက်ခြည်မပြတ် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ယင်းသို့ တိုးမြှင့်ပေးတိုင်းမှာလည်း အငြိမ်းစားဝန်ထမ်းများအတွက်လည်း ထည့်သွင်းစဉ်းစားသုံးသပ်ဆောင်ရွက်မည် ဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများရဲ့ လစာများကို သတ်မှတ်ရာမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ အခြေအနေပေါ်မူတည်ပြီး နိုင်ငံ့ဝန်ထမ်းများဥပဒေ၊ နည်းဥပဒေများ၊ ပင်စင်ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းများ(တပ်မတော်သားအပါအဝင်)ရဲ့ ပင်စင်လစာကို ၁-၄-၂၀၁၅ ရက်နေ့မှာ နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့တဲ့ ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်ပြီး တိုးမြှင့်ပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေအခြေအနေပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

တစ်လုံးတစ်ခဲတည်းသော ပင်စင်နှင့်ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၄၂ မှာ ပင်စင်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုတဲ့နှုန်းထားအတိုင်း တစ်လုံးတစ်ခဲတည်းပင်စင်အဖြစ် လဲလှယ်ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၄၃ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၂ နည်းဥပဒေခွဲ(ဎ)တို့မှာလည်း တစ်လုံးတည်းပင်စင်တွက်ချက်ရမည့် နည်းလမ်းများကို ဖော်ပြထားပါတယ်။ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများကို တိုးမြှင့်ခံစားခွင့်

ပြုနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းပြီး အငြိမ်းစားဝန်ထမ်းများ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းသည် ပင်စင်စားများ၏လိုအပ်ချက်ကို နိုင်ငံတော်ကအထိုက်အလျောက်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

ဝန်ထမ်းများ အငြိမ်းစားယူခွင့်ရသည့်အခါမှာ နိုင်ငံတော်က ငွေလုံးငွေရင်းအဖြစ်နဲ့ လုပ်သက်ဆုကြေးငွေကို တစ်ကြိမ်တည်းအပြီးအပြတ်ထုတ်ပေးပြီးတော့ ပင်စင်လစာကိုတော့ လစဉ်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထုတ်ယူနိုင်ရန် သတ်မှတ်ပေးထားပါတယ်။ ယခုအခါမှာ အနိမ့်ဆုံးဝန်ထမ်းသည် ပင်လျှင် လုပ်သက် ၃၅ နှစ်ရှိပါက လုပ်သက်ဆုငွေရရှိနိုင်မှုဟာ ကျပ် ၂၂ သိန်းခန့်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းရဲ့အခက်အခဲကို ဖြေရှင်းပေးတဲ့အနေနဲ့ လစဉ်ထုတ်ယူခွင့်ရှိတဲ့ ပင်စင်လစာထဲမှ အစိတ်အပိုင်းတစ်ရပ်ကို လစဉ်ထုတ်ယူခြင်းအစား တစ်လုံးတစ်ခဲတည်း ပင်စင်အဖြစ်ထုတ်ပေးခြင်း ဖြစ်ပါတယ်။ အားလုံးကို တစ်လုံးတစ်ခဲတည်းပင်စင်လဲလှယ်ပေးရန်လည်း တတ်နိုင်မည်မဟုတ်ပါ။ မြို့ပြတစ်လုံးတည်းပင်စင် လဲလှယ်ရေးနည်းဥပဒေ ၈ နည်းဥပဒေခွဲ(၃)အရ တစ်လုံးတည်းလဲလှယ်ခဲ့သည့် အစိတ်အပိုင်းသည် လဲလှယ်ခွင့်ပြုသည့်နေ့မှစ၍ ရပ်ဆိုင်းကြောင်း ပြဋ္ဌာန်းထားပါတယ်။ လဲလှယ်၍ ကျန်ရှိသည့် ပင်စင်ကိုသာ လစဉ်ထုတ်ယူခွင့်ရရှိမှာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းများကို တစ်လုံးတစ်ခဲတည်းပင်စင်လဲလှယ်ခွင့်ပြုခြင်းဟာ ဝန်ထမ်းရဲ့ လတ်တလော စီးပွားရေး၊ လူမှုရေး အခက်အခဲကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်သော်လည်း အောက်ပါအခက်အခဲများကို တွေ့ရှိနိုင်ပါတယ်။ (က) ပင်စင်စားများအနေနဲ့ တစ်လုံးတည်းလဲလှယ်ပြီးနောက် ကျန်ရှိတဲ့ပမာဏကိုသာ လစဉ်ခံစားရမည်ဖြစ်၍ ရေရှည်စားဝတ်နေရေးအခက်အခဲရှိနိုင်ခြင်း၊ (ခ) နိုင်ငံတော်က အခါအားလျော်စွာ လစာနှုန်းတိုးမြှင့်ခြင်းနှင့်အတူ ပင်စင်လစာများတိုးမြှင့်ပေးတဲ့အခါမှာ တစ်လုံးတည်းပင်စင်လဲလှယ်ပြီးတဲ့နောက် ကျန်ရှိတဲ့အစိတ်အပိုင်းအတွက်သာ အကျိုးခံစားခွင့်ရှိမည်ဖြစ်ခြင်း၊ (ဂ) တစ်လုံးတည်းလဲလှယ်ထားသည့် အငြိမ်းစားဝန်ထမ်းသည် ယင်းကာလအတွင်း သေဆုံးပါက မိသားစုပင်စင်အနေဖြင့် လက်ကျန်ပင်စင်အပေါ်မှာသာ အကျိုးခံစားခွင့်ရှိမည်ဖြစ်ခြင်းတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကအားဖြင့် အငြိမ်းစားဝန်ထမ်းများအား တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းကို တိုးမြှင့်ခံစားခွင့်ပြုရန်ကိစ္စသည်လည်းပဲ နိုင်ငံတော်ကသာ အလုံးစုံတာဝန်ယူနေရတဲ့ ကျွန်တော်တို့နိုင်ငံ၏ပင်စင်စနစ်အရ နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေခိုင်မာတောင့်တင်းလာသည့်အခါမှသာ ဆောင်ရွက်နိုင်မည့်ကိစ္စဖြစ်သည်ကို သုံးသပ်တင်ပြလိုပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်တွင် ဘဏ္ဍာရေးအခြေအနေကောင်းများ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများ(တပ်မတော်သားအပါ အဝင်)ရဲ့ ပင်စင်လစာကို နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့တဲ့ ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်၍ တိုးမြှင့်ပေးနိုင်ရန်ကိစ္စကိုလည်းကောင်း၊ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းများကို တိုးမြှင့်ခံစား ခွင့်ပြုနိုင်ရန်ကိစ္စကိုလည်းကောင်း၊ အငြိမ်းစားဝန်ထမ်းအင်အားအခြေအနေ၊ လစဉ်ကျခံသုံးစွဲရတဲ့ လစာစရိတ်နှင့် ပင်စင်စရိတ်များအခြေအနေ၊ ငွေကြေးဖောင်းပွမှုအခြေအနေ၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရနှင့်အသုံး အခြေအနေတို့အပေါ်မှာ မူတည်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က သုံးသပ်ဆောင်ရွက် မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ရိခေါဒါရ်မြို့ဟာ ဌာနဆိုင်ရာရုံး ၁၈ ခုနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိရာမြို့ဖြစ်ပါတယ်။ ဌာန ဆိုင်ရာရုံးများ၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအနက် နယ်စပ်ကုန်သွယ်ရေး စခန်းမှ ပို့ကုန်သွင်းကုန် ကုန်သွယ်ရေးလုပ်ငန်းပမာဏတို့မှာ တစ်နေ့တခြားတိုးတက်များပြားလာရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဌာနဆိုင်ရာအသီးသီးမှ ကောက်ခံရရှိသောငွေဟာ ကျပ်သန်းပေါင်း ၁၇၄၃၄ အထိ တိုးတက်လာကြောင်း သိရှိရပါတယ်။ ထို့အပြင် ရိခေါဒါရ်မြို့မှ ဌာနဆိုင်ရာများ၏ အသုံးစရိတ်များ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကောက်ခံရရှိသောငွေများနှင့် စီးပွားကူးသန်း ရောင်းဝယ်ဖောက်ကားသူများအတွက် ငွေကြေးသယ်ယူပို့ဆောင်ရန် လုံခြုံမှုမရှိခြင်း၊ အခြား အခက်အခဲများကြောင့် ဒီမေးခွန်းကို မေးမြန်းရတာဖြစ်ပါတယ်။

မူကြမ်း

ဥက္ကဋ္ဌကြီးခင်ဗျား။ ရိခေါဒါရ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏လစာနှင့် အခြားစရိတ်များ ထုတ်ယူရာတွင်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ငွေလုံးငွေရင်းခွင့်ပြုငွေများ ထုတ်ယူရာတွင် လည်းကောင်း၊ တခြားမြို့ဖြစ်တဲ့ ဖလမ်း၊ ဟားခါး၊ တီးတိန်နှင့် ကလေးမြို့များရှိ ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ရပါသဖြင့် ကုန်ကျစရိတ်များပြားခြင်း၊ အချိန်ကြန့်ကြာခြင်း၊ လမ်းခရီးတွင် လုံခြုံမှုမရှိခြင်းစသည့်အခက်အခဲများနှင့် ကြုံတွေ့နေရပါတယ်။ ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေး ဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပေးပါက ဌာနဆိုင်ရာများ၏ လစာနှင့်စရိတ်များအနက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှရရှိလာသောငွေကြေးများအတွက် ပိုမိုလုံခြုံမှုရရှိလာမှာဖြစ်ပါတယ်။ ထို့အပြင် ရိခေါဒါရ်မြို့အနီးပတ်ဝန်းကျင်ကျေးရွာများရှိ အငြိမ်စားဝန်ထမ်းများအတွက် ပင်စင်လစာနဲ့ ဆုငွေများကိုလည်း အချိန်နှင့်ငွေကုန်သက်သာစွာ ထုတ်ယူနိုင်မှာဖြစ်တဲ့အပြင် လူမှုအဖွဲ့အစည်းများ၏ ရန်ပုံငွေများကို လုံခြုံစိတ်ချစွာ စာရင်းဖွင့်အပ်နှံနိုင်ခြင်း၊ ပြည်သူများအနေဖြင့်လည်း ငွေစုစာအုပ် ဖွင့်လှစ်စုဆောင်းလာနိုင်ခြင်း စသည့်ကောင်းကျိုးများ ရရှိလာမှာဖြစ်ပါတယ်။ သို့ဖြစ်၍ ချင်းပြည်နယ်၊ ဖလန်းမြို့နယ် ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ်ရဲ့ ရိခေါဒါရ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပင်စင်စားများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူလူထုများ၏ ငွေကြေးဆိုင်ရာလုံခြုံမှုနှင့် ဝန်ဆောင်မှုများအတွင်း အဆင်ပြေချောမွေ့စေရန် မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်တွင် ရုံးချုပ်ဌာနကြီးခြောက်ခုအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်ကွပ်ကဲဘဏ်ခွဲ ၇၆ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၅ ခု၊ ဘဏ်ငွေတိုက်ခွဲ ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲ ခြောက်ခု စုစုပေါင်းဘဏ်ခွဲ ၃၃၅ ခုရှိပါတယ်။ ချင်းပြည်နယ်မှာ ပြည်နယ်ရုံးတစ်ခု၊ ခရိုင်ဘဏ်ခွဲသုံးခု၊ မြို့နယ်ဘဏ်ခွဲခြောက်ခုနှင့် ငွေတိုက်ခွဲတစ်ခု စုစုပေါင်း ၁၁ ခု ဖွင့်လှစ်ထားရှိပါတယ်။ ဖလမ်း

ခရိုင်၊ တီးတိန်မြို့နယ် ရိခေါဒါရ်မြို့မှာ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ နယ်စပ်ကုန်သွယ်ရေးငွေလက်ခံကောင်တာဖွင့်လှစ်ရရှိ၍ ဘဏ်ဝန်ဆောင်မှုများပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဘဏ်ဝန်ဆောင်ခ(Service Charges) ကျပ်သိန်းပေါင်း ၂၂၀ ကျော်ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဧပြီ၊ မေ နှစ်လမှာ ကျပ်သန်း ၅၀ လောက် ကျွန်တော်တို့ရရှိထားပါတယ်။ လျှပ်စစ်မီးအနေနဲ့ အိန္ဒိယနိုင်ငံဘက်က ၂၄ နာရီ မီးဝယ်ယူသုံးစွဲနိုင်တာကို တွေ့ရပါတယ်။ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းထံက တစ်ရက်လျှင် သုံးနာရီမီးရရှိပါတယ်။ ရိခေါဒါရ်မြို့မှာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများရှိတဲ့အတွက်ကြောင့် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲအဆင့်ဖွင့်လှစ်ပါက လက်ရှိနယ်စပ်ကုန်သွယ်ရေးငွေလက်ခံကောင်တာဖွင့်လှစ်ခြင်းထက် ဝင်ငွေပိုမိုရရှိလာနိုင်ပြီးတော့ ရိခေါဒါရ်မြို့မှာ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲဖွင့်လှစ်နိုင်ရေးအတွက် ရိခေါဒါရ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ မြေနေရာ လျာထားပြီးဖြစ်တာကိုလည်း သိရှိရပါတယ်။ လုံခြုံရေးအတွက် ရဲစခန်းရှိခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာရုံးများရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင်ရှိခြင်း စသည့်အချက်များကြောင့် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲဖွင့်လှစ်ရန် သင့်လျော်ပါကြောင်း သုံးသပ်ရရှိပါတယ်။

သို့ဖြစ်ပါ၍ မြေနေရာအဆင်ပြေမှုရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေတိုက်ခွဲဖွင့်လှစ်နိုင်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပြီးတဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြို့ပြစီမံကိန်း၊ ကျေးရွာစီမံကိန်းများရေးဆွဲရာတွင် မည်သည့်အချက်များပေါ်တွင်မူတည်၍ ရေးဆွဲပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်ဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်

မေးခွန်းကတော့ မြို့ပြစီမံကိန်းများ၊ ကျေးရွာစီမံကိန်းများရေးဆွဲရာတွင် မည်သည့်အချက်ပေါ်မှာ မူတည်ပြီး ရေးဆွဲပါသလဲ။ ထိုစီမံကိန်းတွေကို သက်ဆိုင်ရာမြို့ပြနေပြည်သူများ၊ ကျေးလက်နေပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခွင့်ရှိ/မရှိနှင့် မည်သို့ဆက်လက်အကောင်အထည်ဖော်သွားမည်ကို သိလိုပါကြောင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းရခြင်း အကြောင်းရင်းလေးကို အနည်းငယ်တင်ပြချင်ပါတယ်။ တင်ပြတဲ့အခါမှာလည်း ကျွန်တော့်မြို့ဖြစ်တဲ့ ဟုမ္မလင်းမြို့ကို ဥပမာထားပြီး တင်ပြသွားချင်ပါတယ်။ ဟုမ္မလင်းမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ဖျားအထက်ဘက်မှာ လူဦးရေနှစ်သောင်းကျော်နေထိုင်တဲ့ ဖွံ့ဖြိုးစမြို့ငယ်တစ်မြို့ပါ။ ကျွန်တော်တို့ ဟုမ္မလင်းမြို့ဟာ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ရေလမ်းရော၊ ကုန်းလမ်းရော၊ လေကြောင်းလမ်းရောရှိပါတယ်။ ရေကြောင်းမှာလည်း အောက်ဘက် မုံရွာသို့လည်းကောင်း၊ အထက်ဘက် ခန္တီးဘက်သို့လည်းကောင်း ရှိပြီးတော့မှ မကြာသောကာလမှာ မုံရွာရော၊ ခန္တီးရော ကုန်းလမ်းကနေ သွားလာနိုင်တော့မှာဖြစ်ပါတယ်။ ခုဆိုရင် ဖောင်းပြင်-ပင်လည်ဘူးလမ်းမကြီးကိုလည်း အားချင်းတည်ဆောက်နေပြီဖြစ်တဲ့အတွက် ဒီဖောင်းပြင်-ပင်လည်ဘူး လမ်းမကြီးပြီးသွားလို့ရှိရင် ဟုမ္မလင်း-ဖောင်းပြင်-ပင်လည်ဘူးကနေတစ်ဆင့် မြန်မာနိုင်ငံမြောက်ဖျားကိုလည်း အားလုံးဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့မှာ ဟုမ္မလင်း-ကတ်သာကူးတဲ့ ချင်းတွင်းမြစ်ကူးတံတားကြီးလည်း တည်ဆောက်နေပြီဖြစ်တဲ့အတွက် ဒီတံတားကြီးပြီး လို့ရှိရင် ဟုမ္မလင်း-ကတ်သာ-တမူး-အိန္ဒိယအထိ ဆက်လက်သွားလာနိုင်တော့မှာဖြစ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးလည်းဖွံ့ဖြိုးလာပြီလို့ ပြောလို့ရပါတယ်။ ကျန်းမာရေးအနေနဲ့ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဟုမ္မလင်းမြို့မှာ ခုတင် (၁၀၀) ဆံ့ အရပ်ဘက်ဆေးရုံတစ်ရုံနဲ့ တပ်ဘက်ဆေးရုံတစ်ရုံ ရှိတဲ့အတွက် ကျန်းမာရေးအဆင့်လည်း မနိမ့်ပါဘူး။ ပညာရေးကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဟုမ္မလင်းမြို့ပေါ်မှာ အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်းနဲ့ မူလတန်း ကျောင်း ၁၃ ကျောင်းရှိပါတယ်။ မကြာသေးခင်မှာ ကျွန်တော်တို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကြီးလည်း ဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် လူသားအရင်းအမြစ်တွေလည်း တိုးပွားလာတော့မှာဖြစ်ပါတယ်။ မကြာတဲ့အချိန်မှာလည်း ဟုမ္မလင်းကောလိပ်ကြီးလည်း တည်ဆောက်တော့မယ်လို့ ကြားရပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်မှာ အခြေခံကျောင်းပေါင်း ၃၀၄ ကျောင်းရှိပြီးတော့မှ ဆရာဆရာမပေါင်း ၂၂၉၁ ယောက်ရှိနေတာဖြစ်တဲ့အတွက် ချင်းတွင်းအထက်ပိုင်းမှာရှိတဲ့ ပညာရေးလုပ်သားများကို လေ့ကျင့်သင်ကြားပေးဖို့အတွက် ပညာရေးကောလိပ်

ကြီးဆောက်မယ်ဆိုရင်လည်း ကျွန်တော်တို့ဟုမ္မလင်းမြို့မှာ မရှိလာနိုင်ဖူးလို့ ပြောလို့မရပါဘူး။ ဒါ့ကြောင့် ဒီအချက်တွေကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ဟုမ္မလင်းမြို့ဟာ ဖွံ့ဖြိုးစပြုလာပြီဖြစ်တဲ့ မြို့တစ်မြို့လို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ဖွံ့ဖြိုးစဖြစ်တဲ့မြို့တစ်မြို့ဖြစ်တဲ့အတွက် ကျေးလက်ကနေ မြို့ကိုတက်လာပြီးအခြေချတဲ့ ပြည်သူတွေများလာသလို အနယ်နယ်အရပ်ရပ်ကနေ ကျွန်တော်တို့မြို့ကို လာပြီးအခြေချတဲ့လူတွေများလာပါတယ်။ ဒီမှာခက်တာက ကျွန်တော်တို့မြို့နယ်မှာ ဟုမ္မလင်းမြို့ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဆိုလို့ရှိရင်တော့ တိုးချဲ့ဖို့မြေလွတ်မြေရိုင်းများဟာ မရှိတော့ပါဘူး။ မြေရာဦးမှုတွေရှိနေပါပြီ။ အဲဒီတော့ ဘယ်မှာတိုးချဲ့လဲဆိုရင် လယ်ကောများမှာ လယ်သမားများကရောင်းတယ်။ မရှိတဲ့လူတွေက ဝယ်ပြီးဆောက်ကြတယ်။ စနစ်မရှိစွာဆောက်တဲ့ အတွက် မြို့ပြတိုးချဲ့ခြင်းက ဒါကခေတ်မမီဘူးလို့ ကျွန်တော်မြင်ပါတယ်။ တကယ်လို့သာ မြို့ပြစီမံကိန်းတွေအရ တိုးချဲ့မယ်ဆိုရင်တော့ ခေတ်မီတဲ့ မြို့တစ်မြို့ဖြစ်လာမယ်လို့ ကျွန်တော်ထင်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ဟုမ္မလင်းမြို့မှာ မြေလွတ်မြေရိုင်းတွေ လျှောက်ထားမှုခုထိ ရှိပါသေးတယ်။ အဲဒီလိုလျှောက်လို့ တိုင်းကနေပြီးတော့မှ ကျွန်တော်တို့မြေလွတ်မြေရိုင်းကို စိစစ်ဖို့ချတဲ့အခါမှာ Town Plan၊ Village Plan များနဲ့ လွတ်ကင်းမှုရှိ/မရှိစိစစ်ပြီးတင်ပြရန်လို့ ပါပါတယ်။ အဲဒီတော့ ကျွန်တော် ကျေးလက်ဥက္ကဋ္ဌတို့ကိုမေးပါတယ်။ ကျွန်တော့်ကို ကျေးရွာစီမံကိန်းရှိရင်ပြောပါဆိုတော့ သူတို့လည်းကျေးရွာ စီမံကိန်းတောင် သူတို့မသိဘူးဖြစ်နေတယ်။ မြို့ပြစီမံကိန်းကိုမေးတဲ့ အခါမှာလည်း ကျွန်တော့်ကို ဝါးဝါးတားတားဖြေပါတယ်။ ဒါ့ကြောင့် မြို့ပြစီမံကိန်းတွေ၊ ကျေးလက်စီမံကိန်းတွေပေါ်မှာလည်း ကျွန်တော်စိတ်ဝင်စားလာပါတယ်။ နောက်တစ်ချက်အနေနဲ့ ဒီစီမံကိန်းတွေကို မြို့ပြပြည်သူများကို ချပြနိုင်လို့ရှိရင် ဒီစီမံကိန်းတွေလုပ်တဲ့အခါမှာ မြို့ပြပြည်သူများဟာ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မယ်လို့ ထင်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့မြို့များ၊ ကျေးရွာများအားလုံးကိုယ်စား ဒီမေးခွန်းကို မေးမြန်းတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးညွန့်မှ ပြည်သူ့လွှတ်တော်သို့ မေးမြန်းထားသော မြို့ပြစီမံကိန်းများ၊ ကျေးရွာ စီမံကိန်းများရေးဆွဲရာတွင် မည်သည့်အချက်များပေါ်တွင် မူတည်၍ ရေးဆွဲပါသနည်း။ ထိုစီမံကိန်းများကို သက်ဆိုင်ရာမြို့ပြနေ၊ ကျေးရွာနေပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခွင့် ရှိ/မရှိနှင့် မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော်သွားမည်ကိုသိရှိလိုကြောင်း မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ နိုင်ငံတော်မှ စီမံကိန်းများရေးဆွဲရာတွင် အချိန်ကာလအလိုက် နှစ်(၂၀)နှစ်ရှည်စီမံကိန်း ကာလတိုငါးနှစ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းအစရှိသဖြင့် ကာလအပိုင်းအခြားအလိုက် ရေးဆွဲလျက်ရှိပါ တယ်။ ထို့အပြင် ကဏ္ဍအလိုက်စီမံကိန်း၊ ဒေသန္တရစီမံကိန်း၊ လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်း စီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှရေးဆွဲလျက်ရှိသော အမျိုးသား စီမံကိန်းသည် ကဏ္ဍအလိုက်စီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများမှ ပေါင်းစည်း၍ရေးဆွဲခြင်းဖြစ်ပြီး ဒေသန္တရစီမံကိန်းတွင် မြို့ပြနှင့်ကျေးလက်စီမံကိန်းများ ပေါင်းစပ်ပါဝင်လျက်ရှိပါတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာန၊ အမျိုးသားနယ်မြေဖွံ့ဖြိုးရေးမူဘောင် ချမှတ်ချက်နှင့်အညီ ဘက်စုံအညီအမျှဖွံ့ဖြိုး ရေးမူဝါဒလုပ်ငန်းစဉ်ဖြင့် နိုင်ငံတစ်ဝန်းတွင် မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက် လျက်ရှိပါတယ်။ ဒါတွေကတော့ National Growth Center အဖြစ် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးသုံးမြို့ဖြစ်ပြီးတော့ အထူးစီးပွားရေးဇုန်များအဖြစ် ထားဝယ်၊ သီလဝါ၊ ကျောက်ဖြူ SEZ တို့ ပါဝင်ပါတယ်။ Region Grown Center အဖြစ် မော်လမြိုင်၊ ပဲခူး၊ မုံရွာ၊ မြစ်ကြီးနား၊ ပုသိမ်အစရှိတဲ့ အုပ်ချုပ်ရေးဗဟိုဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များ၊ မြို့ကြီးများ၊ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးမှုအလားအလာရှိသော မြို့ကြီးများပါဝင်ပါတယ်။ Special Function Growth Center များ အဖြစ် မြဝတီ၊ မူဆယ်၊ တမူးစတဲ့ နယ်စပ်ကုန်သွယ်မှုမြို့များ၊ ပုဂံ၊ အင်းလေး၊ မြောက်ဦးတို့ကဲ့သို့သော ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအခြေပြုတဲ့မြို့များ၊ မြိတ်မြို့၊ ငရုပ်ကောင်း၊ မိုးကုတ်မြို့တို့ကဲ့သို့ သယံဇာတထွက်ကုန် အခြေပြုမြို့များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိ မြို့များအနက် လူဦးရေငါးသောင်းမှ တစ်သိန်းရှိတဲ့ Secondary City များမှာ ၂၀၁၄ ခုနှစ်မှာ ၂၅ မြို့ရှိရာကနေပြီးတော့ ၂၀၄၀ ခုနှစ်မှာ

၄၃ မြို့အထိ တိုးတက်ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်ခင်ဗျား။ မြို့ပြများရဲ့ လူဦးရေပျံ့နှံ့နေထိုင်မှုနှင့် မြို့ပြဖြစ်ထွန်းပုံစံကို ထည့်သွင်းစဉ်းစားပြီး မြို့ပြများစနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့၊ နေထိုင်မှုအဆင့်အတန်းမြင့်မားစေရန်နှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် မြို့ပြစီမံကိန်းများကို Planned City Development ပုံစံများရရှိအောင် ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့များ၏လူမှုစီးပွားဖွံ့ဖြိုးမှု အလားအလာများအရ ဦးစားပေးနယ်မြေများသတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကိုအခြေခံ၍ လူဦးရေ ငါးသောင်းအထက်ရှိ မြို့ ၆၈ မြို့၊ ငါးသောင်းအောက်မြို့ ၁၁ မြို့နှင့် တိုင်းဒေသကြီး/ပြည်နယ် လိုအပ်ချက်အရ မြို့ပေါင်း ၁၇ မြို့တို့ရဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စက်မှုဇုန်စီမံကိန်းများရေးဆွဲခဲ့ပြီး စုစုပေါင်း မြို့ပေါင်း ၉၆ မြို့တို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။

နမူနာအားဖြင့် မန္တလေးမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ရမည်းသင်းမြို့ပြစီမံကိန်း၊ မုံရွာမြို့ပြစီမံကိန်း၊ စစ်ကိုင်းမြို့ပြစီမံကိန်း၊ ကလေးမြို့ပြစီမံကိန်းနှင့် လဟယ်မြို့ပြစီမံကိန်း၊ ထားဝယ်မြို့ပြစီမံကိန်း၊ မော်လမြိုင်မြို့ပြစီမံကိန်းနှင့် ကျိုက်ထီးရိုးဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ပခုက္ကူမြို့ပြစီမံကိန်း၊ ဟိုပုံးမြို့ပြစီမံကိန်း၊ ပုသိမ်မြို့ပြစီမံကိန်းနှင့် လွိုင်ကော်မြို့ပြစီမံကိန်းများကို တင်ပြထားပါတယ်။

မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲမှုကိုလည်း ပြည်သူများသိရှိစေရန် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ချပြဆွေးနွေးဆောင်ရွက်လျက်ရှိပြီးတော့ မြို့ပြစီမံကိန်းအဆိုပြုသဘောထားပုံစံများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရများအဖွဲ့များသို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန Website မှာလည်း လွှင့်တင်ထားပြီးဖြစ်ပါတယ်။ မြို့ပြစီမံကိန်းရေးဆွဲရန် လျာထားချက်မှာ ဟုမ္မလင်းမြို့ရဲ့မြို့ပြစီမံကိန်းလည်း ပါဝင်ပြီးတော့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှာ ဆောင်ရွက်ရန် စီမံလျာထားပြီးဖြစ်ပါတယ်။

လေးစာအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းစဉ်အဆင့်များအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံဆွေးနွေးခြင်း။

(ခ) မြို့၏လက်ရှိအခြေအနေနှင့်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများအရ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများကို Plannin g Process နှင့်အညီ အဆိုပြုသဘောထားပုံစံရေးဆွဲခြင်း။

(ဂ) ရေးဆွဲပြီးသော မြို့ပြစီမံကိန်းအဆိုပြုပုံစံမူကြမ်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်း။

(ဃ) အဆင့်ဆင့် အတည်ပြုချက်ရရှိပြီးသည့် အဆိုပြုသဘောထားပုံစံကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ခြင်း။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို လွှတ်တော်အဆင့်ဆင့်သို့တင်ပြပြီး စီမံကိန်းပုံစံအတည်ပြုချက်နှင့် ခွင့်ပြုချက်ရယူခြင်း၊ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် စီမံကိန်းများကို အဆင့်အလိုက် အကောင်အထည်ဖော်ခြင်းတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့် အတန်းတိုးမြှင့်စေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တာဝန်ယူရေးဆွဲဆောင် ရွက်လျက်ရှိပါတယ်။

အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးရေးစီမံကိန်းမူဘောင်နှင့်အညီ မြန်မာနိုင်ငံမြို့ပြစနစ် ထူထောင် ခြင်းနှင့် မြို့ပြစီမံကိန်းများစနစ်တကျ စဉ်ဆက်မပြတ်ရေးဆွဲဆောင်ရွက်သွားနိုင်ရန်အတွက် JICA၊ KOICA၊ UN-Habitat စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

အထက်ပါမြို့ပြ၊ ကျေးလက်စီမံကိန်းများသည် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်းများ ဖြစ်သဖြင့် ပြည်သူဗဟိုပြုလုပ်ငန်းများစဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန်အတွက် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း များကို ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာ ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေးအတွက် ချပြဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မန္တလေး-မူဆယ်လမ်း ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် မည်ကဲ့သို့ဆောင်ရွက်ထားသည်၊ မန္တလေး-မူဆယ်လမ်းကို နိုင်ငံတကာအဆင့်မီလမ်းဖြစ်အောင်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင်ရာနှုန်းပြည့်ပြီးစီးပါမည်၊ B.O.T စာချုပ်သက်တမ်းမည်မျှကျန်ရှိပြီး သတ်တမ်းကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်ကိုသိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က လားရှိုးမဲဆန္ဒနယ်မှကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-မူဆယ်လမ်းဟာ မိုင် ၂၈၀ ကျော်ရှိပြီး ရာသီမရွေးသွားလာနိုင်တဲ့ မော်တော်ကားလမ်းဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ နေ့စဉ်ပြေးဆွဲနေတဲ့ မော်တော်ယာဉ်ပေါင်းဟာ ယခင်က ရာဂဏန်းလောက်သာရှိခဲ့ပေမယ့် ယခုဆိုလို့ရှိရင် ၄၀၀၀ ကျော် ၅၀၀၀ ထိ ရှိလာပါပြီ။ ယာဉ်ပေါင်းထောင်ချီအသုံးပြုနေတဲ့ဒီလမ်းဟာ ဒေသရဲ့စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနဲ့ အရေးပေါ်ကျန်းမာရေးကိစ္စရပ်များအတွက် မရှိမဖြစ်လိုအပ်တဲ့မဟာဗျူဟာ ဆက်သွယ်ရေးလမ်းကြောင်းဖြစ်တာကြောင့် အချိန်မရွေးသွားလာလို့ရအောင် စဉ်ဆက်မပြတ်ပြုပြင်ထားဖို့ လိုအပ်ပါတယ်။ စီးပွားရေးအနေနဲ့ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့နယ်စပ်ကုန်သွယ်ရေးမှာ ၇၅ ရာခိုင်နှုန်းသောကုန်သွယ်မှုက ဒီလမ်းကို ဖြတ်သန်းအသုံးပြုနေရပြီး စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှုပမာဏရဲ့ ၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် နိုင်ငံတော်ရဲ့စီးပွားရေးမှာလည်း အရေးပါတဲ့လမ်းကြောင်းဖြစ်ပါတယ်။ သို့သော် အဆပေါင်းများစွာ တိုးတက်များပြားလာတဲ့မော်တော်ယာဉ်စီးရေနဲ့ကိုက်ညီတဲ့လမ်းမျိုးဖြစ်အောင် မပြုပြင်နိုင်သေးတာကို တွေ့ရှိရပါတယ်။ လမ်းတစ်လျှောက်လမ်းချဲ့ဖို့အတွက် တောင်ကမ်းပါးယံတွေကို ခုတ်ထစ်ထားသလိုပဲ လမ်းကွေ့တောင်ကြောတွေကိုလည်း ခုတ်ဖြတ်ပြီးထားထားတာ အခုဆိုရင်နှစ်နှစ်ရှိခဲ့ပါပြီ။ ယခုထိ အဲဒီနေရာတွေကို ပြန်မခင်းပေးနိုင်တဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့တင်ပြအပ်ပါတယ်။ ယခုမြင်တဲ့အတိုင်း တချို့ပိုင်းတွေမှာ ယခင်ကတ္တရာခင်းလမ်းကနေပြီးတော့မှ ကျောက်ခင်းလမ်းပြန်ဖြစ်ပြီး မိုးတွင်းကာလဆိုလို့ရှိရင် ချိုင့်ခွက်တွေ၊ ဗွက်တွေထလို့ သတိဝီရိယနဲ့မောင်းနှင်သွားလာနေရသလို နွေကာလမှာတော့ ဖုန်တစ်ထောင်းထောင်းနဲ့သွားလာရတဲ့လမ်းမျိုး ပြန်ဖြစ်နေပါတယ်။ ယခုလို လမ်းနဲ့မော်တော်ကားမျှတအောင် မပြုပြင်နိုင်ခဲ့တာကြောင့် တစ်နေရာပိတ်ဆို့မှုရှိတာနဲ့ မိနစ်ပိုင်းအတွင်းမှာပဲ ရာဂဏန်း

ကနေ ထောင်ဂဏန်းအထိ ယာဉ်တန်းရှည်ကြီးတွေဖြစ်ပေါ်စေပြီး သွားမရ၊ လာမရနဲ့ ဖြစ်သလိုစား ဖြစ်သလိုအိပ်ကြရပါတယ်။ အဆိုးဆုံးအပိုင်းကတော့ နောင်ချိုနဲ့ကျောက်မဲကြားက ဂုတ်တွင်းလမ်း အပိုင်းနဲ့ ကွတ်ခိုင်-မူဆယ်ကြား ရှုခင်းသာလမ်းအပိုင်းတို့ဖြစ်ပါတယ်။ ဒီလမ်းပိုင်းတွေဟာ နက်ရှိုင်း မတ်စောက်ပြီး အကွေ့အကောက်များတာကြောင့် သမားရိုးကျနည်းပညာနဲ့မဟုတ်ဘဲ ခေတ်မီတဲ့ နည်းပညာအယူအဆနဲ့ ခေတ်မီစက်ယန္တရားနဲ့ ဖောက်လုပ်ပါမှ အခုလိုဥပမာပြထားတဲ့လမ်းမျိုးလို ဖြစ်နိုင်ပါမယ်။ ယခုတော့ လမ်းတစ်လျှောက်တွေ့နေရတတ်တာက ခေတ်မီစက်ယန္တရားနဲ့ ခေတ်မီ နည်းပညာအယူဆအသုံးပြုနိုင်မှု နည်းပါးပါတယ်။ လမ်းရဲ့ရေနုတ်မြောင်းတွေဆိုလို့ရှိရင် သတ်သတ် မှတ်မှတ်မရှိတာ တွေ့ရသလိုပဲ လမ်းရဲ့ပုခုံးသားတွေဟာလည်း ဖို့မြေဖြစ်နေတတ်တာများပါတယ်။ ဒါက လမ်းနဲ့ပတ်သက်တာပါ။

ယာဉ်မောင်းတွေနဲ့ပတ်သက်ပြီးတင်ပြရရင် အချို့ယာဉ်မောင်းတွေဟာ အသက်ငယ်လွန်းပြီး အတွေ့အကြုံနဲ့ကျွမ်းကျင်မှုနည်းတဲ့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာကြတာကြောင့် မကြာခဏယာဉ်တိမ်းမှောက်မှုနဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်စေပါတယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည်မှာ (၁)မန္တလေး-မူဆယ်လမ်းယာဉ်ကြောပိတ်ဆို့မှုမရှိအောင် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်၊ (၂) မန္တလေး-မူဆယ်လမ်းကို နိုင်ငံတကာအဆင့်မီလမ်းဖြစ်အောင် ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိလျှင်မည်သည့်အချိန်တွင် ရာနှုန်းပြည့်ပြီးစီးပါမည်၊ (၃) B.O.T စာချုပ်သက်တမ်းမည်မျှကျန်ရှိသည်၊ သတ်တမ်းကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်မည့်အစီအစဉ် သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းမှ မေးမြန်းထားတဲ့ (၁)မန္တလေး-မူဆယ်လမ်း ယာဉ်ကြော ပိတ်ဆို့မှုမရှိအောင် မည်ကဲ့သို့ဆောင်ရွက်ထားသည်၊ (၂)မန္တလေး-မူဆယ်လမ်းကို နိုင်ငံတကာအဆင့်မီ လမ်းဖြစ်အောင်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင်ရာနှုန်းပြည့်ပြီးစီးပါမည်၊

(၃) B.O.T စာချုပ်သက်တမ်းမည်မျှကျန်ရှိသည်၊ သက်တမ်းကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကိုသိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်း ၂၉၈ မိုင် ၃ ဖာလုံအား ၁၉၉၆ ခုနှစ်မှစ၍ ယခင်အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ယခု Oriental Highway Co.,Ltd သို့ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ မန္တလေး-လားရှိုး-မူဆယ်လမ်းတွင် ဂုတ်တွင်းနှင့်ရှူခင်းသာကွေ့လမ်းကျဉ်းသောနေရာများအား လမ်းချဲ့ခြင်းနှင့် လမ်းခမ်းခြင်း၊ ဂုတ်တွင်းအပိုင်းတွင် Stabilized ခင်း၍ AC လမ်းအဖြစ်ဆောင်ရွက်ခြင်း၊ ရှူခင်းသာအပိုင်းတွင် လမ်းအကျယ်ရပြီး ကွေ့နေရာများအား Stabilized ခင်း၍ AC ပြန်လည်ခင်းခြင်း၊ ၄၈ ပေအကျယ်ရရှိပြီးသော မိုင်တိုင်(၂၃၈)အောက် နမ့်ဖလွန်းရွာတွင်းမှ ရှူခင်းသာဘက်ခြမ်းသို့ Stabilized နှင့် AC ခင်းခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလမ်းအား ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းပိတ်ဆို့မှုအများဆုံး ဖြစ်ပွားလေ့ရှိသော နောင်ချိုမြို့နယ်၊ ဂုတ်တွင်းလမ်းပိုင်း ကြားတွင် တန် ၅၀ ကရိန်းတစ်စီးနှင့် မိုင်(၂၂၂)ကွတ်ခိုင်တိုးလ်ဂိတ်တွင် ၂၅ တန် ကရိန်းတစ်စီးတို့အား အရန်သင့်ထားရှိပါတယ်။ အကယ်၍ လမ်းပိတ်ဆို့မှုဖြစ်ပွားပါက နောင်ချိုတိုးလ်ဂိတ်နှင့် ကျောက်မဲတိုးလ်ဂိတ်တို့တွင် Information Center အဖြစ် LED ဆိုင်းဘုတ်များတပ်ဆင်၍ ခရီးသွားပြည်သူများအား အချိန်မီအသိပေးနိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ Oriental Highway Co.,Ltd မှဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့မှ ယာဉ်ကြောပိတ်ဆို့ပါက အချိန်နှင့်တပြေးညီရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါပြည်ထောင်စုလမ်းမကြီး ၂၉၈ မိုင် ၃ ဖာလုံကို AASHTO HS20-44 ဒီဇိုင်းဖြင့် လေးလမ်းသွားနိုင်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားဖို့အတွက် မြို့တွင်းလမ်းပိုင်း ၇၃ မိုင် ၁ ဖာလုံကိုချန်လှပ်ပြီးတော့ ကျန်ရှိတဲ့ ၂၂၅ မိုင် ၂ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုဖြင့် Oriental Highway Co.,Ltd မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရာနှုန်းပြည့်ပြီးစီးရေး စီမံချက်ရေးဆွဲထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ၂၇ မိုင်အား လေးလမ်းသွားကတ္တရာလမ်းဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၁၁၂ မိုင် ၃ ဖာလုံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ၈၅ မိုင် ၇ ဖာလုံဆောင်ရွက်ရန် စီမံချက်များရေးဆွဲထားပြီးတော့ နယ်မြေလုံခြုံရေးအခြေအနေပေါ် မူတည်

ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် ဂုတ်တွင်းတံတားဆောက်လုပ်ရန်နှင့် နောင်ချိုမြို့ရှောင်လမ်းအား ဖောက်လုပ်ရန်အတွက် မြေယာလျော်ကြေး/သီးနှံလျော်ကြေးကိစ္စများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပုဂ္ဂလိကပိုင်မြေပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါမြေယာလျော်ကြေးညှိနှိုင်းချက်များပြီးစီးပါက ဂုတ်တွင်းတံတားစီမံကိန်းနှင့် နောင်ချိုမြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား အမြန်စတင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုအားလည်း လျော့နည်းစေမှာဖြစ်ပါတယ်။

မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းတွင် လမ်းပိုင်းအလိုက် စာချုပ်သက်တမ်းမှာ ကနဦး ၄၀ နှစ်ဖြစ်ပြီး စာချုပ်သက်တမ်းကျန်ရှိနေမှုအခြေအနေအား လမ်းပိုင်းအလိုက် တင်ပြရမည်ဆိုလျှင် မန္တလေး-နောင်ချိုအပိုင်းရဲ့ B.O.T ကျန်ရှိသက်တမ်းမှာ ၂၈ နှစ်ဖြစ်ပါတယ်။ နောင်ချို-ကျောက်မဲအပိုင်းရဲ့ B.O.Tကျန်ရှိသက်တမ်းမှာ ၂၁ နှစ်ဖြစ်ပါတယ်။ ကျောက်မဲ-လားရှိုးအပိုင်းရဲ့ လက်ကျန်သက်တမ်းက ၂၉ နှစ်ဖြစ်ပါတယ်။ လားရှိုး-မူဆယ်အပိုင်းရဲ့ လက်ကျန်သက်တမ်းက ၂၀ နှစ်ဖြစ်ပါတယ်။ မိုင်းယု-မူဆယ်အပိုင်းက ၂၆ နှစ် လက်ကျန်ဖြစ်ပြီးတော့ မူဆယ်-နမ့်ခမ်းအပိုင်းရဲ့ B.O.T ကျန်ရှိသက်တမ်းက ၂၆ နှစ်ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စာချုပ်သက်တမ်းကုန်ဆုံး၍ ထပ်မံတိုးမြှင့်လိုပါက တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် သုံးကြိမ်တိုးမြှင့်နိုင်ပါတယ်။ ထိုသို့တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စိစစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဥပဒေအရခွင့်ပြုပါက တိုးမြှင့်ဆောင်ရွက်နိုင်ပါတယ်။ သို့ဖြစ်ပါ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသော မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းအား ပဋိညာဉ်စာချုပ်သက်တမ်းကျန်ရှိမှုနှင့်ဆောင်ရွက်မည့်အစီအစဉ် အခြေအနေအား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့နှစ်မြို့ကို ရှောင်ကွင်းပြီး မြို့ရှောင်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်လေးပင်-ပြွန်တန်ဆာ မြို့ရှောင်လမ်း ဖောက်လုပ်ရေးနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းမှာရှိတဲ့ ကျွန်တော်တို့ ညောင်လေးပင် မြို့မှာ ညောင်းလေးပင်မြို့၊ ပြွန်တန်ဆာမြို့၊ မဒေါက်မြို့နှင့် ပိန်းဇလုတ်မြို့ဆိုပြီးတော့ မြို့လေးမြို့ရှိပါ တယ်။ ညောင်လေးပင်မြို့ဟာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်မှာ မိုင်တိုင်(၉၇)ကနေပြီးတော့ မိုင်တိုင်(၁၀၀)ကြားမှာ တည်ရှိပြီးတော့ ရန်ကုန်-မန္တလေးမီးရထားလမ်းနှင့် ကားလမ်းဆုံရာမှာလည်း ရှိပါတယ်။ ကုန်တင်ကားကြီးတွေ၊ နောက်တွဲမော်တော်ကားယာဉ်တွေ၊ အဝေးပြေးအမြန်ယာဉ် ကြီး/ငယ်တွေကလည်း နေ့ညမပြတ်ဖြတ်သန်းနေရတဲ့အတွက်ကြောင့် တိုးဂိတ်စာရင်းများအရဆိုရင် တစ်နေ့ကို ယာဉ်အစီးပေါင်း ၄၀၀၀ ခန့် ဖြတ်သန်းနေတယ်လို့လည်း သိရှိရပါတယ်။ ညောင်လေးပင် မြို့ရဲ့တောင်ဘက်မှာ ခြောက်မိုင်အကွာမှာတည်ရှိတဲ့ ပြွန်တန်ဆာမြို့ကလည်းပဲ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်မှာပဲတည်ရှိပြီးတော့ မိုင်တိုင်(၉၂)ကနေ မိုင်တိုင်(၉၄)အတွင်းမှာ တည်ရှိပြီး တော့ ညောင်လေးပင်မြို့ကို ဖြတ်သန်းသွားတဲ့ ယာဉ်တိုင်းဟာလည်း ပြွန်တန်ဆာမြို့ကို ဖြတ်သန်း သွားရတာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမြို့နှစ်မြို့လုံးဟာ ရန်ကုန်-မန္တလေးမီးရထားလမ်းနှင့် ကားလမ်းဆုံရာမှာ တည်ရှိနေကြပြီးတော့ တစ်နေ့ကို လူစီးရထားစင်းရေ ၁၆ စင်းခန့် ဖြတ်သန်းနေရပါ တယ်။ ဒီလိုဖြတ်သန်းရတဲ့အတွက် ကားလမ်းပိတ်ထားရတဲ့အခါမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ် ရပါတယ်။ အထူးသဖြင့် ကျောင်းတက်ကျောင်းဆင်း၊ ရုံးတက်ရုံးဆင်း၊ ဈေးစည်ကားချိန်များမှာ ရထား ဖြတ်သန်းမှုကလည်း ပိုမိုများပါတယ်။ လမ်းပိတ်ဆို့မှုဟာလည်း ပိုမိုများပါတယ်။ ဒါကြောင့်မို့လို့လည်း ယာဉ်အန္တရာယ်နှင့် ထိခိုက်မှုများလည်း မကြာခဏဖြစ်ပေါ်ပါတယ်။ ကားလမ်းပိတ်ဆို့ချိန် များဟာဆိုရင် တစ်ခါတစ်ရံမှာ မိနစ် ၃၀ ကနေ ၄၅ မိနစ်အထိ ကြာတတ်ပါတယ်ခင်ဗျား။ ဒါ့အပြင် ညောင်လေးပင်မြို့ရော၊ ပြွန်တန်ဆာမြို့ နှစ်မြို့လုံးမှာ ခရီးသည်တင်/ချ၊ ကုန်ပစ္စည်းတင်/ချ ပြုလုပ်ရေး အတွက် ယာဉ်ရပ်နားစခန်းများ သီးခြားမရှိပါဘူး။ ဒါကြောင့် ကားလမ်းဘေး ဝဲ/ယာမှာပဲ ဂိတ်ထိုး ပြီးတော့ ခရီးသည်များ ကုန်စည်တင်/ချ ပြုလုပ်ကြရပါတယ်။ ဒါဟာလည်းပဲ လမ်းပိတ်ဆို့ခြင်းရဲ့

အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ယခင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း ပိုင်းကို AH1 ခေါ်တဲ့ အာဆီယံလမ်းမကြီးအဖြစ် အသုံးပြုရန်စီစဉ်ထားတာဖြစ်တဲ့အတွက်ကြောင့် အခုလို လမ်းပိတ်ဆို့မှုများလည်း မဖြစ်ပေါ်သင့်ပါဘူးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ ခင်ဗျား။ ဒါက ညောင်လေးပင်မြို့နယ် မြေပုံဖြစ်ပါတယ်။ ဒါက ညောင်လေးပင်မြို့နယ်အတွင်းမှာ အခြေစိုက်ပြီးတော့ ဖြတ်သန်းသွားလာရတဲ့ကားတွေဖြစ်ပါတယ်။ အားလုံး အစီးရေ ၁၄၀ ရှိပြီးတော့ တစ်နေ့ကို ခရီးသည်ပေါင်း ၁၆၀၀ ကျော်ကို ပို့ဆောင်နေတာပဲ ဖြစ်ပါတယ်။ ဒါက ညောင်လေးပင်မြို့ ထဲမှာ ရပ်တင်ပြီး/ ချပြီးသွားရတဲ့ ကားလိုင်းပေါင်းဖြစ်ပါတယ်။ အားလုံး ကိုးလိုင်းရှိပါတယ်ခင်ဗျား။ ဒါက ညောင်လေးပင်ဘူတာကနေပြီးတော့ နေ့စဉ် ရထားသွားလာရတဲ့အချိန်ဇယားပဲ ဖြစ်ပါတယ်။ တစ်နေ့ကို ၁၆ စီးပါ။ လူစီးရထားဖြတ်ရတာဖြစ်ပါတယ်။ ရထားဂုံးကျော်ကို ပိတ်တဲ့အခါမှာ ကားလမ်း ပိတ်ဆို့ပါတယ်။ ဒီလိုပဲ ကားတွေရော၊ ဆိုင်ကယ်တွေရော၊ စက်ဘီးတွေရော ဒီလိုလမ်းပိတ်ဆို့ပါတယ်။ အကုန်ပိတ်ထားတာ ဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ဆောက်လုပ်ရေးဝန်ကြီး ဌာနက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကပြီးတော့ ညောင်လေးပင်မြို့နယ်၊ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေးအစီရင်ခံစာမှာ အဆိုပြုထားတဲ့ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့ကို ရှောင်ကွင်းပြီးသွားဖို့အတွက် မြို့ရှောင်လမ်းဖြစ်ပါတယ်။ အပြာလိုင်းလေး ပြထားပါတယ်။ အဲဒါက မြို့ရှောင်လမ်း ဖြစ်ပါတယ်။ ဒီမြို့ရှောင်လမ်းဟာဆိုရင် ညောင်လေးပင်ဘက်ကဆိုလို့ရှိရင် မိုင်တိုင် (၁၀၀)ကနေပြီးတော့ ပြွန်တန်ဆာမြို့ကိုဆိုလို့ရှိရင် ၉၂ မိုင် ၆ ဖာလုံကို ပေါက်ရောက်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဒီလမ်းကိုသာ ကျွန်တော်တို့ဒီလိုဖောက်လုပ်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့မှာ နေ့စဉ်တွေ့ကြုံနေရတဲ့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာတွေဟာလည်း ပြေပျောက်သွားနိုင်သလိုပဲ အနောက်ဘက်ခြမ်းမှာရှိတဲ့ လမ်းတွေမှာဆိုလို့ရှိရင် လည်းပဲ ဒေသတွေက ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဒါကြောင်မို့လို့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်အတွင်း ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့တို့ကို ရှောင်ကွင်းပြီးတော့ မြို့ရှောင်လမ်းဖောက်လုပ်ရန် စီစဉ်ထားခြင်းရှိ/မရှိ၊ စီစဉ်ဆောင်ရွက်ထားပါက မည်သည့်ကာလတွင် စတင်ဖောက်လုပ်ပါမည်နည်း၊ အစီအစဉ်မရှိပါကလည်း မည်သို့သောအကြောင်းများပါလဲ ဆိုတဲ့ မေးခွန်းများကို ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းမှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်အတွင်းရှိ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့နှစ်မြို့ကို ရှောင်ကွင်းပြီး မြို့ရှောင်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ စီစဉ်ဆောင်ရွက်ထားပါက မည်သည့်အချိန်ကာလတွင် စတင်အကောင်အထည်ဖော်ဖောက်လုပ်ပါမည်လဲ၊ စီစဉ်ဆောင်ရွက်ထားခြင်းမရှိပါက မည်သို့သော အကြောင်းများကြောင့်ဖြစ်သည်နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ညောင်လေးပင်မြို့တွင်ဖြတ်သန်းသွားလာနေသော ယာဉ်စီးရေမှာ တစ်ရက်လျှင် ပျမ်းမျှ ၄၀၀၀ ခန့်ရှိပြီးတော့ ယာဉ်သွားလမ်းအကျယ်မှာ ၃၆ ပေ ရှိပါတယ်။ ညောင်လေးပင်မြို့အတွင်းရှိ လက်ရှိဖြတ်သန်းလျက်ရှိတဲ့ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ယာဉ်ငယ်များနှင့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းဟောင်းမှ ဖြတ်သန်းတဲ့ ကုန်တင်ကားကြီးများ၊ နောက်တွဲမော်တော်ယာဉ်ကြီးများ၊ အဝေးပြေးအမြန်ယာဉ်ကြီးများ တိုးတက်များပြားလာခြင်းတို့ကြောင့် ယာဉ်ကြောကြပ်တည်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ်မှာ ညောင်လေးပင်မြို့ Town Plan အား လျာထားရေးဆွဲအတည်ပြုထားပြီး ဖြစ်ပါတယ်။ အဆိုပါပုံစံအရ မြို့ရှောင်လမ်းမှာ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းဟောင်း မိုင်တိုင်(၉၆)အနီးမှစပြီးတော့ ညောင်လေးပင်မြို့အထွက် မိုင်တိုင်(၁၀၀) လမ်းဟောင်းနှင့် ပြန်လည်ဆုံတွေ့မှာဖြစ်ပါတယ်။ သို့သော် ညောင်လေးပင်မြို့နှင့်ကပ်လျက်ရှိတဲ့ ပြွန်တန်ဆာမြို့တွင်လည်း ယာဉ်ကြောပိတ်ဆို့မှုများရှိနေသဖြင့် ပြွန်တန်ဆာမြို့နှင့် ညောင်လေးပင်မြို့တို့မှာ တစ်ပေါင်းတည်း မြို့ရှောင်လမ်းအဖြစ်ဖောက်လုပ်ခြင်းဖြင့် ယာဉ်ကြောကြပ်တည်းမှုများအား ဖြေလျှော့နိုင်မှာဖြစ်ပြီးတော့ မြို့ကွက်များလည်း စနစ်တကျဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ သို့ရာတွင် ပြွန်တန်ဆာမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Town Plan ကို အဆိုပြုရေးဆွဲထားခြင်းမရှိသေးပါဘူးခင်ဗျား။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့အပိုင်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားတဲ့ ပဲခူး-ညောင်လေးပင်လမ်းပိုင်း မိုင်တိုင်(၅၀)မှ မိုင်တိုင်(၉၈)ထိနှင့် ဟိုက်စတားကုမ္ပဏီလီမိတက်သို့ ခွင့်ပြုထားတဲ့ ညောင်လေးပင်- ဇေယျဝတီလမ်းပိုင်း မိုင်တိုင်(၉၈)မှ မိုင်တိုင်(၁၄၆)အထိ လမ်းပိုင်းများမှာ ပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့တို့တွင် တပေါင်းတည်း မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေးအတွက် ပြွန်တန်ဆာမြို့ရဲ့ Town Plan ကို ၂၀၁၇ ခုနှစ် ဩဂုတ်လကုန်၊ ယခုလကုန်မှာ စတင်ရေးဆွဲသွားမှာဖြစ်ပြီးတော့ ခန့်မှန်းကာလ နှစ်လခန့် ကြာမြင့်မှာဖြစ်ပါတယ်။ အဆိုပါ Town Plan ရေးဆွဲပြီးစီးပါက မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံတော်၏စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများပြုလုပ်ရာတွင် လိုအပ်ချက်များရှိသည့် ပန်းတောင်းမြို့နယ်အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်၏စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများပြုလုပ်ရာတွင် ထိုသို့ဆောင်ရွက်ရန် လိုအပ်ချက်များ အထိုက်အလျောက်ရှိပြီးဖြစ်သည့် ပန်းတောင်းမြို့နယ်အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဦးစွာ ကျွန်မမေးခွန်းကို ရှင်းလင်းတင်ပြလိုပါတယ်။ မေးခွန်းမှာ ကျွန်မ မဲဆန္ဒနယ်ဖြစ်တဲ့ ပန်းတောင်းမြို့နယ်အတွက်ပါဝင်သလို မြန်မာတစ်နိုင်ငံလုံးရှိ အလားတူဒေသများလည်းပါဝင်ပြီး နိုင်ငံတော်၏မူဝါဒပိုင်းဆိုင်ရာမေးခွန်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ပန်းတောင်းမြို့နယ်က မေးခွန်းမှာပါဝင်ရတဲ့အကြောင်းအရင်းကို တင်ပြလိုပါတယ်။ ပန်းတောင်းမြို့နယ်ဟာ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်တွင်ရှိပြီး မြေဧရိယာ ၉၆၈ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ ရခိုင်ပြည်နယ်၊

ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ဖြင့် နယ်နိမိတ်ချင်းထိစပ်နေတဲ့မြို့ဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်အတွင်းရှိ ဥသျှစ်ပင်မြို့ဆိုရင် အဆိုပါပြည်နယ်နှင့်တိုင်းဒေသကြီး လေးခုဆုံတဲ့မြို့ဖြစ်ပါတယ်။ မြို့နယ်လူဦးရေကတော့ တစ်သိန်းခွဲခန့်ရှိပြီး ပြည်ခရိုင်မှာ အကျယ်ဆုံးမြို့ဖြစ်ပါတယ်။ ဒါပေမဲ့ လူတစ်ဦးချင်းဝင်ငွေကျတော့ ခရိုင်အတွင်းမြို့နယ်များနဲ့ယှဉ်ရင် အနိမ့်ဆုံးဖြစ်ပြီး ဝင်ငွေကွာဟချက်များပြားလှပါတယ်။ ဒီအချက်မှန်ကန်ကြောင်းထောက်ပြချင်တာကတော့ ပန်းတောင်းမြို့ပေါ်ကအထက်တန်းကျောင်းဆိုရင် လူမှုဘဝနိမ့်ကျလွန်းလို့ သားသမီးများကို မပျိုးထောင်နိုင်တဲ့ အခြေအနေကြောင့် နှစ်စဉ်အောင်ချက်နိမ့်ကျခဲ့သလို ယခုနှစ်တက္ကသိုလ်ဝင်တန်းတွင်လည်း ၁၃ ရာခိုင်နှုန်းသာအောင်မြင်သဖြင့် မြန်မာတစ်ပြည်လုံးအနိမ့်ဆုံးအောင်မြင်သည်ဆိုသော ပြည်နယ်မှ ၁၇ ရာခိုင်နှုန်းထက်ပင် နိမ့်ကျလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပန်းတောင်းမြို့နယ်အတွင်းရှိ မြေဧရိယာများအနက် ၁၁ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ပြီး မြေလွတ်မြေရိုင်းများစွာရှိသောမြို့လည်းဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်မှာ ဆက်သွယ်ရေးလမ်းကြီးများကောင်းခြင်း၊ လျှပ်စစ်မီးအထိုက်အလျောက်ရှိခြင်း၊ လူဦးရေလည်းရှိခြင်း၊ အသုံးပြုနိုင်တဲ့မြေနေရာများလည်း ရှိခြင်းတို့ကြောင့် နိုင်ငံတော်၏စီမံကိန်းအသစ်များ၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အဆင်ပြေကောင်းမွန်တဲ့ဒေသလို့ဆိုနိုင်ပါတယ်။ ကျွန်မတို့မြို့နယ်လိုပဲ ဒီလို အခြေအနေမျိုးရှိနိုင်တဲ့ဒေသများလည်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ကျေးလက်နဲ့မြို့ငယ်လေးတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေမရှိလို့၊ ဘဝရပ်တည်မရလို့ ရန်ကုန်မြို့အပါအဝင် မြို့ကြီးများကို ပြောင်းရွှေ့လုပ်ကိုင်ရခြင်း၊ သွားရောက်လုပ်ကိုင်ရခြင်းများကြောင့် လက်ခံသည့်မြို့ရော၊ ပြောင်းရွှေ့ရသည့်မြို့ပါ လူမှုဒုက္ခမျိုးစုံ ကြုံတွေ့နေရပါတယ်။ ဒီလိုဖြစ်ရတာက ခရိုင်မြို့တွေ၊ တိုင်းမြို့တွေ၊ မြို့ကြီးတွေမှာပဲ စီမံကိန်းအသစ်တွေ၊ လုပ်ငန်းတိုးချဲ့တာတွေကို ထပ်ခါထပ်ခါ တိုးမြှင့်ဆောင်ရွက်ပေးနေလို့ပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ပန်းတောင်းမြို့နယ်အပါအဝင် ကျေးလက်ဒေသက စိုက်ပျိုးရေးကိုအခြေခံလုပ်ကိုင်စားရခြင်းအပေါ် လယ်ယာအကူလုပ်သား ငှားမရတဲ့ပြဿနာတွေနဲ့ ကြုံရသလို ငှားလို့ရပြန်တဲ့အခါကျလည်း ဈေးကြီးပေးငှားရတာကြောင့် ဝင်ငွေနဲ့ထွက်ငွေ မမျှတဘဲ အရှုံးပေါ်ပြီး လူမှုဒုက္ခတွေ ဆက်ကြုံရပြန်ပါတယ်။ ရန်ကုန်မြို့လိုလက်ခံရတဲ့မြို့ကျပြန်တော့လည်း ရှင်းဖို့ခက်ခဲတဲ့ပြဿနာတွေ တစ်စထက်တစ်စ ထုထည်ပိုကြီးသွားစေပါတယ်။ ဒါ့အပြင် နိုင်ငံခြားသို့ တရားမဝင်သွားရောက်လုပ်ကိုင်ကြပြန်တော့လည်း အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံသားတွေ အခြားနိုင်ငံမှာ အမျိုးမျိုးသောဒုက္ခတွေကြားမှာ ဘဝကိုရုန်းကန်နေရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။

ဒါတွေအားလုံးဟာ ကျေးလက်နဲ့မြို့ပြ ညီမျှစွာမဖွံ့ဖြိုးခြင်းရဲ့အကျိုးဆက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် သုတေသနပြုချက်အရ မြို့နဲ့တောဝင်ငွေကွာဟာမှုဟာ ၁၆ ဆအထိကွာဟနေကြောင်း လေ့လာသိရှိရပါတယ်။ ဒီသုတေသနပြုချက်ဟာ မှန်ကောင်းမှန်နိုင်ပေမဲ့ မြေပြင်ပကတိအခြေအနေအရလည်း အမှန်တကယ်ကွာဟနေတဲ့ လူမှုဘဝများကို မြင်တွေ့နိုင်ပါတယ်။ ဒါကြောင့် ကျွန်မမဲဆန္ဒနယ်မြေအပါအဝင် မြန်မာတစ်ပြည်လုံး ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးနိုင်ဖို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ နိုင်ငံတော်၏ စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများပြုလုပ်ရာတွင် ထိုသို့ဆောင်ရွက်ရန် လိုအပ်ချက်များ အထိုက်အလျောက်ရှိပြီးဖြစ်သည့် ပန်းတောင်းမြို့နယ်အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပန်းတောင်းမြို့နယ်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၆၉၅ သန်းနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ ကျပ် ၂၆၈၆ သန်းတို့ဖြင့် စီမံကိန်းအသစ်များဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ အဆိုပါလျာထားရန်ပုံငွေ ကျပ် ၃၃၈၁ သန်းဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥသျှစ်ပင်မြို့ အုပ်ချုပ်ရေးမှူးနေအိမ် တစ်လုံးနှင့် ပန်းတောင်းမြို့နယ်ရုံးခန်းများဆောက်လုပ်ခြင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်အမှုထမ်းတွဲခန်းဆောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုတို့အတွက် စုစုပေါင်းငွေကျပ် ၁၇၃ သန်းအားလည်းကောင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂၃)အကြီးစားစက်ရုံမှ စက်နှင့်စက်ပစ္စည်းများတပ်ဆင်စရိတ်နှင့် ပညာရှင်စရိတ်တို့အတွက် စုစုပေါင်းရန်ပုံငွေကျပ် ၇.၀၇ သန်းအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ အန္တရာယ်ရှိကျောင်းဆောင်များဖျက်သိမ်း၍ ကျောင်းအသစ်

ကိုးကျောင်းဆောက်လုပ်ခြင်း၊ ဥပမိရုပ်မကောင်းသော ကျောင်းတစ်ကျောင်းအသစ်ဆောက်လုပ်ခြင်း၊ အန္တရာယ်ရှိသော အဆောင်ဟောင်းအားဖျက်သိမ်း၍ အသစ်တစ်ကျောင်းဆောက်လုပ်ခြင်းနှင့် အ.ထ.က(ခွဲ) ကပစ(၁၆)မှာဆရာ/ဆရာမများနေထိုင်ရန် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအပါအဝင် စုစုပေါင်းလုပ်ငန်း ၁၂ ခုဆောက်လုပ်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ထုံးဘို တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် စုစုပေါင်းရန်ပုံငွေ ကျပ် ၂၅၀ သန်းနှင့် လမ်းဦးစီးဌာနမှ ပန်းတောင်း-တောင်ကုတ်လမ်းဖောက်လုပ် ခြင်း၊ ကံမ-ပြည်လမ်းအတွက် ငွေကျပ် ၁၁၉၀ သန်း စုစုပေါင်း ကျပ် ၂၄၉၀ သန်းအားလည်းကောင်း လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများအပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ နဝဒေးတံတားမှ ရွှေဘုံသာမုနိဘုရားအကြားမှာ Tourism Attractive Zone အဖြစ်သတ်မှတ်ပြီးတော့ ခရီးသွားလုပ်ငန်းအတွက် Hotel Zone များဖော်ဆောင် နိုင်ရန် ခန့်မှန်းမြေဧရိယာ ဧက ၂၀၀ ခန့်ကိုလျာထားပြီး ပထမဦးစွာ တိုင်းတာမှုများဆောင်ရွက် သွားမှာဖြစ်ကြောင်း ဖြေကြားလာပါတယ်။ တိုင်းတာမှုများဆောင်ရွက်ပြီးနောက်ပိုင်းမှာ ပြည်သူလူထု ကိုချပြ၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမှာဖြစ်ပြီးတော့ စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရန်လျာထားပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ လေးစား စွာတင်ပြအပ်ပါတယ်။ ကျွန်မရဲ့မေးခွန်းထဲမှာပါတာကတော့ ကျွန်မရဲ့မေးခွန်းက လိုအပ်ချက်များ အထိုက်အလျောက်ရှိပြီးဖြစ်သည့် ပန်းတောင်းမြို့နယ်အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာ ဆောင်ရွက်ပေးရန် အစီအစဉ်ဆိုတာလေး ကျွန်မမေးခွန်းထဲမှာပါပါတယ်ရှင့်။ အခု ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဒုတိယဝန်ကြီးကနေပြီးတော့ ကျွန်မတို့ပန်းတောင်းမြို့နယ်အတွက် ဘာစီမံကိန်းတွေ ရှိတယ်။ ဘယ်လိုမျိုးရန်ပုံငွေတွေချထားပေးတယ်ဆိုတဲ့အကြောင်းအရာလေးတွေကို ဖြေသွားပေးပါ တယ်ရှင့်။ဒီလိုဖြေကြားပေးမှုအတွက်လည်း ကျွန်မတို့ရဲ့ပန်းတောင်းမြို့နယ်အတွက်တော့ ဒေသဖွံ့ဖြိုးမှု အတွက် ဒီလို နိုင်ငံတော်ကစီစဉ်ဆောင်ရွက်ပေးနေတာသိရတဲ့အတွက်ကြောင့် ပန်းတောင်းမြို့နယ်

ပြည်သူများရဲ့ကိုယ်စားတော့ အထူးပင်ကျေးဇူးတင်ပါတယ်ရှင့်။ ဒါပေမဲ့ ကျွန်မရဲ့မေးခွန်းထဲမှာပါတဲ့ အခြားဒေသများမှာ တူညီမျှတစွာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတာလည်း ပါဝင်သေးတဲ့ အတွက်ကြောင့်မို့လို့ ဒီမေးခွန်းလေးရဲ့လိုအပ်တဲ့အပိုင်းလေးကို ဆက်လက်ဖြေကြားစေလိုကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ တိုတိုနဲ့လိုရင်းပဲဖြေပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးအနေနဲ့ကတော့ ကဏ္ဍအလိုက် စီမံကိန်းများကို Sectorial Plan များ ချမှတ်ပြီးတော့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနေရာမှာလည်း တူရာ တူရာဝန်ကြီးဌာနများက Cluster လေးများစုပြီးတော့ စီမံကိန်းကို ဝိုင်းဝန်းအကောင်အထည်ဖော်တဲ့ စီမံကိန်းများလည်းရှိပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့များကတော့ Regional Development Plan ကိုရေးဆွဲပြီးတော့မှ ဒေသအလိုက် သူတို့ရဲ့အားသာချက်တွေ၊ သူတို့ရဲ့အခွင့် အလမ်းတွေ ဒီဟာတွေကိုစုစည်းပြီးတော့မှ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအလိုက် အကောင် အထည်ဖော်ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ကတော့ Regional Growth Centre တွေအဖြစ်နဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကိုအခြေပြုတော့မှ ထားဝယ် SEZ ၊ သီလဝါ SEZ နဲ့ကျောက်ဖြူ SEZ များကိုအခြေပြုပြီးတော့မှ နိုင်ငံတော်အလိုက် စီးပွားရေးဇုန်ကြီး၊ စီမံကိန်းကြီးများ၊ နောက်တစ်ခါ ကျွန်တော်တို့ Regional Growth Centre တွေဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်ရဲ့ အားသာချက်ရှိတဲ့မြို့ကြီးများအခြေပြုတဲ့ စီမံကိန်းကြီးများ၊ နောက်တစ်ခါ Special Function Growth Centre များအဖြစ် ကျွန်တော်တို့က ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကို အခြေပြုတဲ့ စီမံကိန်းကြီးများ၊ နယ်စပ်ကုန်သွယ်ရေးကိုအခြေပြုတဲ့စီမံကိန်းကြီးများ၊ နောက် လယ်ယာ စိုက်ပျိုးရေးကဏ္ဍကိုအခြေပြုတဲ့ စီမံကိန်းကြီးများ စသဖြင့် ကျွန်တော်တို့ နိုင်ငံတော်အလိုက် တစ်နိုင်ငံ လုံးမှာ ကျွန်တော်တို့ ဒီ အစိုးရအနေနဲ့ ဖွံ့ဖြိုးဖို့အတွက်ကို စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်လျက် ရှိတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ စီမံကိန်းများကို ဒေသအနှံ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအလိုက်၊ ကဏ္ဍအလိုက်။ ကဏ္ဍအလိုက်ကတော့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနများ အဲဒီလိုအကောင်အထည်ဖော်တာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော် ကြီးအနေနဲ့ မည်သည့်ကဏ္ဍကို အသေးစိတ်သိလိုပါတယ်။ သို့မဟုတ်လို့ရှိရင်လည်း မည်သည့်ဒေသ

ကို အသေးစိတ်သိလိုပါတယ်ဆိုပြီးတော့ သီးခြားမေးမြန်းလာလို့ရှိရင် ကျွန်တော်တို့အသေးစိတ် ဖြေကြားသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းရှင်အနေနဲ့ မေးခွန်းမှာပါတဲ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေအတိုင်း တိကျရှင်းလင်းတဲ့ အကြောင်းအရာတစ်ရပ်ဖြစ်ရမယ်။ အဲဒါကို အထူးဂရုပြုဖို့လိုပါတယ်။ တိကျရှင်းလင်းမှုမရှိဘဲနဲ့ အခြားဒေသ၊ ဘယ်အခြားလဲ။ တစ်နိုင်ငံလုံး အခြားကအများကြီး။ ဒါသိရမယ်။ နောက်တစ်ခုက ကိုယ်မေးမယ်ဆိုရင် အကြောင်းအရာတစ်ရပ် တစ်နိုင်ငံလုံးသိမ်းကျုံးပြီးတော့ အဲဒါ အခြားဒေသပြောပြီးတော့ အကြောင်းအရာပေါင်းစုံ မေးလို့လည်းမရဘူး။ ဒါကြောင့်မို့လို့ ကိုယ်မေးတဲ့ မေးခွန်းဟာ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနဲ့ညီဖို့လည်း လိုပါတယ်။ ဒါကိုသတိထားဖို့လည်း လိုပါတယ်။ မေးခွန်းများဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂-၈-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက သစ်တောဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်း

ကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက သစ်တောဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ သစ်တောဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကိုယ်စားပြုတင်သွင်းသွားမည့် ကော်မတီအတွင်းရေးမှူး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောဥပဒေကြမ်းတင်သွင်းရသည့် ရည်ရွယ်ချက်ကတော့ မြန်မာ့သစ်တောသယံဇာတများအား ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် နိုင်ငံသူနိုင်ငံသားများ သားစဉ်မြေးဆက် အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ထိန်းသိမ်းစီမံခန့်ခွဲနိုင်ရန်ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့်ကတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် မိမိတို့တာဝန်ကျရာ ဥပဒေဘာသာရပ်ရှုထောင့်များအနက်မှ ပြည်သူ့လွှတ်တော်ကြီးမှ ဦးစားပေးတာဝန်ပေးအပ်ထားသော သစ်တောဥပဒေ(၁၉၉၂ ခုနှစ်)ကို စိစစ်ပြင်ဆင်နိုင်ရန် ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီဖွဲ့စည်းခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ခုနစ်ကြိမ်၊ မိမိတို့ကော်မတီအတွင်း ခြောက်ကြိမ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တစ်ကြိမ်၊ အဆိုပါဥပဒေများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပြီးတော့ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံဉာဏ်များကိုလည်း ရယူခဲ့ပါတယ်။ ထို့အပြင် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီဝင်များ၊ တောင်သူလယ်သမား၊ အလုပ်သမားရေးရာကော်မတီဝင်များနှင့်လည်း နှစ်ကြိမ် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ သစ်တောဥပဒေ(၁၉၉၂ ခုနှစ်)ကို ပြင်ဆင်ရန် ပြင်ဆင်ချက်များသည် မူရင်းဥပဒေ၏ သုံးပုံနှစ်ပုံထက်ကျော်လွန်ခဲ့ပါသဖြင့် ပြင်ဆင်သည့်

ဥပဒေမဖြစ်သင့်ဘဲ ဥပဒေတစ်ရပ်သာ၊ အသစ်တစ်ရပ်သာဖြစ်သင့်ကြောင်း လေ့လာမှတ်သားရပါသဖြင့် ဥပဒေသစ်တစ်ရပ်အဖြစ် ရေးဆွဲတင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ တစ်ဖက်မှာလည်း လွန်ခဲ့တဲ့ ၁၀ စုနှစ်နှစ်ခုကာလဝန်းကျင်မှာ သစ်တောနယ်မြေအတွင်း သစ်တောကြီးတွေမရှိတော့တဲ့နေရာတွေမှာ နှစ်စဉ်လူဦးရေတိုးပွားလာနေတဲ့ဒေသခံတွေ ဝင်ရောက်နေထိုင်၊ စိုက်ပျိုးနေထိုင်ကြတဲ့ဘဝတွေကလည်းရှိနေပါတယ်။ သူတို့တွေကို ဥပဒေဘောင်ထဲမှာ စည်းကမ်း၊ နည်းလမ်းနှင့် အခွင့်အရေးပေးဖို့နှင့်အတူ တာဝန်နှင့် ကတိကဝတ်ပေးမှုလည်း လိုအပ်နေပါတယ်။ တခြားအကြောင်းတစ်ခုကတော့ ဥပဒေကိုထိန်းသိမ်းစောင့်ရှောက်ရတဲ့ဝန်ထမ်းတွေအနေနဲ့ ဂုဏ်သိက္ခာ၊ လုံခြုံမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတွေတပ်ဆင်ပေးဖို့လည်း လိုနေပါတယ်။ တစ်ခါဥပဒေအရ အရေးယူနိုင်ဖို့ကြိုးစားလုပ်ဆောင်ပြီးတဲ့အခါမှာ ထိရောက်တဲ့ပြစ်ဒဏ်တွေ ခေတ်နှင့်အညီ ရှိနေဖို့လည်း လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ သစ်တောဥပဒေ(၂၀၁၇ ခုနှစ်)သည် သစ်တောဥပဒေ(၁၉၀၂ ခုနှစ်)နှင့် သစ်တောဥပဒေ(၁၉၉၂ ခုနှစ်)တို့အပေါ်အခြေခံပြီး ပြောင်းလဲလာသည့် အခြေအနေအရ စကားလုံးအသုံးအနှုန်းနှင့် ဒဏ်ကြေးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ စီမံခန့်ခွဲမှုရေးရာများ၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့်အတူ ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများ ဖြစ်ခဲ့မှုအပေါ် နားလည်လက်ခံ၍ ပြည်ထောင်စုအစိုးရ၏မူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကိုအားပေးခွင့်ပြုလျက် မြန်မာ့သစ်တောသယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် သားစဉ်မြေးဆက် အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော သစ်တောစီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြေခံမူများဖြင့် ရေးဆွဲထားပါသဖြင့် ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်လည်း ဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ လေးစားစွာ တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၂၇

ရက် စွဲ၊ ၂ ၀ ၁ ၇ ခု နှစ်၊ ဩ ဂုတ် လ ၁ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၆-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀(၁၆၉)/ပထစ-၂၀၁၇

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့သော သစ်တောဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် သယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် နိုင်ငံသူနိုင်ငံသားများရဲ့သားစဉ်မြေးဆက် အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ထိန်းသိမ်းစီမံခန့်ခွဲရန် ရည်ရွယ်၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်းကောင်း၊ ဒေသပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အားပေးခွင့်ပြုခြင်းဖြင့် သစ်တောများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်လည်းကောင်း၊ သစ်တောဥပဒေကြမ်းကို ရေးဆွဲခဲ့ခြင်းဖြစ်တယ်လို့ ကျိုးကြောင်းဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၂-၇-၂၀၁၇ ရက်(စနေနေ့)၊ ၂၃-၇-၂၀၁၇ ရက်(တနင်္ဂနွေနေ့)နှင့် ၂၄-၇-၂၀၁၇ ရက်(တနင်္လာနေ့)တို့မှာ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်တွေကို လွှတ်တော်ကိုယ်စားလှယ်များထံ ဝေငှထားပြီးဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါဘူးရှင်။

၄။ သို့ဖြစ်ပါ၍ သစ်တောဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ။ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်ရှင်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၇ - ၂၂၇

ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှ စ်၊ ဩ ဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၆-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၆၉)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုလွှတ်တော်ရုံးကပေးပို့သော သစ်တောဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ သည် သစ်တောသယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ သားစဉ်မြေးဆက်အကျိုးရှိစွာ ထုတ်လုပ်သုံးစွဲနိုင်စေရေးအတွက် ထိန်းသိမ်းစီမံခန့်ခွဲရန် ရည်ရွယ်၍ လည်းကောင်း၊ ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်းကောင်း၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အားပေးခွင့်ပြုခြင်းဖြင့် သစ်တောများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်လည်းကောင်း သစ်တောဥပဒေကြမ်းကို ရေးဆွဲခဲ့ခြင်း ဖြစ်သည်ဟု ကျိုးကြောင်းဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၂- ၇-၂၀၁၇ ရက် စနေနေ့၊ ၂၃-၇-၂၀၁၇ ရက် တနင်္ဂနွေနေ့နှင့် ၂၄-၇-၂၀၁၇ ရက် တနင်္လာနေ့ တို့တွင်

**မူကြမ်း**

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သစ်တောဥပဒေကြမ်းတွင် အခန်း(၁၃) ခန်းနှင့် အပိုဒ်ပေါင်း ၆၁ ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးရှိ ၁၃၇၈ ခုနှစ်ကို ၁၃၇၉ ခုနှစ်ဟု ပြင်ဆင်ပါသည်။

( ဂ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

(က) အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းဆိုသည်မှာ ဤဥပဒေအရ သတ်မှတ် ကြေညာထားသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဒ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပြည်တွင်း၌ မြို့နယ်ကျော်၍ ဆိုသည့်စကားရပ်ကို ပြည်တွင်း၌ မြို့နယ် သို့မဟုတ် စည်ပင်သာယာနယ်နိမိတ်ကိုကျော်၍ ဟု ပြင်ဆင်ပါသည်။

( စ) အခန်း(၂) အပိုဒ် ၃ ခြေဆင်းကို ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည် - ဟု ပြင်ဆင်ပြီး၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ (ခ) နှင့်(ဂ)တို့ရှိ ပြည်ထောင်စုအစိုးရ၏ ဆိုသည့်စကားရပ်ကို အစိုးရအဖွဲ့၏ဟု ပြင်ဆင်သဖြင့် ဤဥပဒေကြမ်းရှိ ပြည်ထောင်စုအစိုးရ ဆိုသည့်စကားရပ်ကို အစိုးရအဖွဲ့ဟု အသီးသီး ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ(င)ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး တို့နှင့်စပ်လျဉ်းသည့် ဆိုသည့်စကားရပ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးတို့နှင့် စပ်လျဉ်းသည့်ဟု ပြင်ဆင်ပါသည်။

( ဇ) အခန်း (၃) အပိုဒ် ၄ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဝန်ကြီးသည် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ် သတ်မှတ်၍ အောက်ပါကြိုးဝိုင်းတော အမျိုးအစားများကို ဖွဲ့စည်းနိုင်သည် -

(ဈ) အပိုဒ် ၅ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။ ဝန်ကြီးသည်အောက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတော ပြင်ပရှိအစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နိမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည် -

(ည) အပိုဒ် ၈ အပိုဒ်ခွဲ(ခ) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။(ခ)ဝန်ကြီးသည် အောက်ပါနေရာဒေသများတွင် စိုက်ပျိုးထားသော ကျွန်းပင်များ နှင့်စပ်လျဉ်းသည့် သီးခြားအမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်၍ ပိုင်ဆိုင် ခွင့်ပြုနိုင်သည်-

( ဋ) အပိုဒ် ၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄)နှင့် (၅)တို့ရှိ သစ်တောဦးစီးဌာနတွင် ဆိုသည့် စကားရပ်ရှေ့တွင် သက်ဆိုင်ရာနယ်မြေရှိ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( ဌ) အခန်း(၄) အပိုဒ် ၁၀ ခြေဆင်းရှိ အခြေခံမူများနှင့်အညီ ဆိုသည့်စကားရပ်ကို ရည်ရွယ်ချက်များနှင့်အညီ ဟုပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၁၅ ခြေဆင်းရှိ ပြည်ထောင်စုနယ်မြေများနှင့် တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသများအတွင်း ဆိုသည့်စကားရပ်ကို ပြည်ထောင်စုနယ်မြေအတွင်း ဟု ပြင်ဆင်ပါသည်။

( ဎ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) ပုဒ်မ ၈ ပုဒ်မခွဲ(ခ) အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ် သစ်ပင်များမှထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(ဏ) အပိုဒ် ၁၉ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) ရှိ ၅ နှစ်အထိ ဆိုသည့်စကားရပ်ကို ငါးနှစ်အထိ ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂) ရှိ ၁ နှစ် အထက်မှ ၃ နှစ်အထိ ဆိုသည့်စကားရပ်ကို တစ်နှစ်အထက်မှ သုံးနှစ်အထိ ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ် (၃) ရှိ ၁ နှစ်အထိ ဆိုသည့်စကားရပ်ကို တစ်နှစ်အထိ ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ ၆ လထပ်မကျော်စေဘဲ ၂ ကြိမ် အထိ ဆိုသည့်စကားရပ်ကို ခြောက်လထက် မကျော်စေဘဲ နှစ်ကြိမ်အထိ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(တ) အခန်း(၈) အပိုဒ် ၂၇ ခြေဆင်းရှိ ဖောင်ဖွဲ့ဆိပ်မှစ၍ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ထ) အခန်း(၁၀) အပိုဒ် ၃၂ ရှိ နည်းဥပဒေများဖြင့် ဆိုသည့်စကားရပ်ကို နည်းဥပဒေများတွင် ဟုပြင်ဆင်ပါသည်။

( ဒ) အပိုဒ် ၃၃ အပိုဒ်ခွဲ(က) ရှိ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆိုသည့် စကားရပ်ရှေ့ တွင် လက်ဝယ်တွေ့ရှိသူကို ဆိုသည့်စကားရပ်ကိုဖြည့်စွက်ပြီး၊ အပိုဒ်ခွဲငယ် (၁)ရှိ ၁ တန် ဆိုသည့်စကားရပ်ကို တစ်တန် ဟုလည်းကောင်း၊ ၃တန် ဆိုသည့်စကားရပ်ကို သုံးတန် ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂) ရှိ ၃တန် ဆိုသည့်စကားရပ်ကို သုံးတန် ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂) နှင့်(၄)တို့ရှိ ၂ ဆ ဆိုသည့်စကားရပ်ကို နှစ်ဆ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( ဓ) အပိုဒ် ၃၄ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၄။ သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် ဖမ်းဆီးသူသစ်တောအရာရှိသည် သစ်တောထွက် ပစ္စည်း ထုတ်ယူခွင့်ပြုသူထံ ဆောလျင်စွာတင်ပြ၍ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

( န) အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၃၅ ကို ပြစ်မှုနှင့် ပြစ်ဒဏ်အခန်း အပိုဒ် ၃၉ အဖြစ်သို့ ပြောင်းလဲ၍ အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၉။ မည်သူမဆို တရားဝင်ပိုင်ဆိုင်သော သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ခုနှစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဖမ်းဆီးရမိသော သစ်တောထွက်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း တင်ပြနိုင်လျှင် ထိုသူအား ပြန်လည်ပေးအပ်ရမည် -

(က) မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းခြင်း၊

(ခ) မျှောစာတွင် ဖော်ပြထားသော ခရီးလမ်းဆုံးမှတစ်ပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်း၊

(ဂ) သတ်မှတ်ထားသော ဒေသပြင်ပနှင့် သယ်ယူရန် ကန့်သတ်ထားသော ဒေသများသို့ သယ်ယူရွှေ့ပြောင်းခြင်း။

( ပ) အခန်း(၁၁) အပိုဒ် ၃၇ အပိုဒ်ခွဲ(က) ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မြို့နယ်သစ်တောအရာရှိက ဆိုသည့်စကားရပ်ကို မြို့နယ် သို့မဟုတ် ခရိုင်သစ်တောအရာရှိက ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် မြို့နယ် သို့မဟုတ် ခရိုင်သစ်တောအရာရှိက ဟု ပြင်ဆင်ပါသည်။

( ဖ) အပိုဒ် ၃၈ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(က)နှင့်(ခ)တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများရှိ ခရိုင် သို့မဟုတ် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( ဗ) အပိုဒ် ၃၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၈ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ချမှတ်သည့်ရက်နေ့မှ ဆိုသည့်စကားရပ်ကို ချမှတ်သည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

(ဘ) အခန်း(၁၂) အပိုဒ် ၄၀ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံစေ ရမည်-

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(၂) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ စီးပွားဖြစ်မွေးမြူထားသော တိရစ္ဆာန်များကိုစားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(၃) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်း စေခြင်း၊

(၄) သစ်တောနယ်မြေအတွင်း ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ် ချက်ဖြင့် ပျက်စီးစေခြင်း၊

(၅) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၆) သစ်တောနယ်မြေအတွင်း ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေ ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(၇) ခွင့်ပြုမိန့်မရရှိဘဲ သစ်မဟုတ်သည့် သစ်တောထွက် တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း။

( မ) အပိုဒ် ၄၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး

ကျပ် ၃၀၀,၀၀၀ မှ အများဆုံး ကျပ် ၅၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းမှအပ သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

( ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

( ဂ) ပုဒ်မ ၁၈ ပုဒ်မခွဲ(စ) အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း၊

(ဃ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရဘဲ တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း၊ အစာဖြင့် အဆိပ်ခတ်ခြင်း၊

( င) သစ်တောနယ်မြေအတွင်း သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

( စ) ဝန်ကြီးဌာနက စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဆ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

(ယ) အပိုဒ် ၄၂ ခြေဆင်းရှိ အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ထောင် ဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ကို ခုနစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ဟု လည်းကောင်း၊ အပိုဒ်ခွဲ(က)ရှိ တားမြစ်သစ်ပင်ကို ဆိုသည့်စကားရပ်ကို တားမြစ်သစ်ပင်မှထွက်ရှိသည့် သုံးတန်ထက်ပိုသောသစ်ကို ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ရ) အပိုဒ် ၄၃ အပိုဒ်ခွဲ(က) ရှိ ကျွန်းသစ်ကို ဆိုသည့်စကားရပ်ရှေ့တွင် တစ်တန်ထက်ပိုသော စကားရပ်ကို ဖြည့်စွက်ပြီး၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ဆိုသည့်စကားရပ်ကို ကျပ်သိန်း ၃၀ ထက် မပိုသောငွေဒဏ် လည်းဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ) ရှိ အနည်းဆုံး ၅ နှစ် မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၁၅ သိန်း မှ ကျပ်သိန်း ၃၀ ထိ ဆိုသည့်စကားရပ်ကို အနည်းဆုံးငါးနှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်းဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ ပိုင်းဖြတ်ခြင်း ဆိုသည့်စကားရပ်ကိုပယ်ဖျက်ပြီး၊ ၅ နှစ် ဆိုသည့်စကားရပ်ကို ငါးနှစ်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ရှိ ၁ နှစ် ဆိုသည့်စကားရပ်ကို တစ်နှစ် ဟုလည်းကောင်း၊ အပိုဒ်ခွဲ(င)ရှိ ၆ လ ဆိုသည့်စကားရပ်ကို ခြောက်လ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(လ) အပိုဒ် ၄၄ ခြေဆင်းရှိ ၅ နှစ် ဆိုသည့်စကားရပ်ကို ငါးနှစ် ဟု ပြင်ဆင်ပါသည်။

(ဝ) အပိုဒ် ၄၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ခိုင်လုံသောအကြောင်းမရှိဘဲ သိမ်းယူလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃၀,၀၀၀ မှအများဆုံး ကျပ် ၁၀၀,၀၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ချမှတ်သည့်ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေမတရားသဖြင့် ပစ္စည်းသိမ်းခြင်းခံရသူအား နစ်နာကြေးအဖြစ် ထုတ်ပေး နိုင်သည်။

(သ) အပိုဒ် ၄၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၆။ မည်သည့်သစ်တောဝန်ထမ်းမဆို မိမိ၏လုပ်ပိုင်ခွင့်ကိုအကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကိုရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက် ပစ္စည်းတစ်စုံတစ်ရာကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း

သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်းကိုစွတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်ခုနစ်နှစ်အထိ ကျခံစေရမည်။

(ဟ) အပိုဒ် ၄၇ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ တရားရုံးသည် ပုဒ်မ ၃၉ မှအပ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ပြစ်ဒဏ် ချမှတ်ရမည့်အပြင် -

( ဠ) အခန်း ၁၃ အပိုဒ် ၄၉ ကို အပိုဒ် ၄၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၈။ ဤဥပဒေ အခန်း(၁၂) ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ်သတ်မှတ်သည်။

(အ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၈ ကို အပိုဒ် ၄၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၉။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက် ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၅၀ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ်၅၃ ကို အပိုဒ် ၅၂ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည် ဆိုသည့်စကားရပ်ကို ဝင်ငွေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံရမည် ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၅၈ ကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ သစ်တောဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မူကြမ်း**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၇-၈-၂၀၁၇ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့
## (၃.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဒေါက်တာသန်းအောင်စိုး
(မင်းလှ မဲဆန္ဒနယ်)



ဒေါက်တာဆလိုင်းရီယန်းဇဲလ်
(ဖလမ်း မဲဆန္ဒနယ်)



ဦးမျိုးညွန့်
(ဟုမ္မလင်း မဲဆန္ဒနယ်)



ဒေါက်တာစိုင်းမောက်ခမ်း
(လားရှိုး မဲဆန္ဒနယ်)



ဒေါက်တာဦးမြင့်သိန်း
(ညောင်လေးပင် မဲဆန္ဒနယ်)



ဒေါ်ခင်နှင်းသစ်
(ပန်းတောင်း မဲဆန္ဒနယ်)



ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန



ဦးကျော်လင်း (ဒုတိယဝန်ကြီး)
ဆောက်လုပ်ရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်